FDB
Forum for Democracy in Burma
# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
e-Bulletin
၁ ဖေဖော်ဝါရီ ၂၀၀၅ | သတင်းလွှာ | အမှတ် ၄/၂၀၀၅

## “မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု” (Forum for Democracy in Burma)
## လုပ်ငန်းမူဝါဒ ၄ ရပ်

- ❖ ဒီမိုကရေစီအင်အားစုများအတွင်း စုစည်းညီညွတ်စွာဖြင့် အားကောင်းသည့် နိုင်ငံရေးလှုပ်ရှားမှုများ ဖော်ဆောင်ရန်။
- ❖ ဒီမိုကရေစီအင်အားစုများအနေဖြင့် လူထုအခြေခံ ဖော်ထုတ်ရေးနှင့် လူထုပါဝင်မှုများမြှင့်တင်သွားရန်။
- ❖ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အင်အားစုများအကြား ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းများအား တိုးမြှင့် ဆောင်ရွက်သွားရန်။
- ❖ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို အဆင့်တိုင်းတွင် အလေးထား၍မြှင့်တင်သွားရန်။

အချိန်အခါဟာ ခေါင်းမာနေရမယ့်အချိန်၊ အဖြေမထွက်နိုင်တဲ့ ညောင်နှစ်ပင်ညီလာခံကို အတင်းပွဲထုတ်နေရမယ့်အချိန် လုံးဝမဟုတ်တော့တာ သေချာနေပါပြီ။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကလွဲပြီး တခြားရွေးစရာလမ်းဆိုတာလည်း မရှိတော့ပါဘူး။ ဒါကိုမှ ငြင်းပယ်နေဦးမယ်ဆိုရင် ...

**ကိုးဆယ်စိတ်ဓာတ်၊ ကိုးဆယ်ညီညွတ်မှုနဲ့ ကိုးဆယ်ရလဒ်**

**– စာမျက်နှာ ၉ –**

... တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည် ဆောက်နေပါတယ်လို့ တဖက်မှာ ဘယ်လိုပဲပြောနေပေမယ့် တခြားတဖက်မှာတော့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို စစ်ဆင်ရေးတွေ ပြုလုပ်နေပါတယ်။

ဒီလိုစစ်ဆင်ရာမှာ ပြည်နယ်တခုထဲက တိုင်းရင်းသားတွေ အချင်းချင်းကို တောင် ဒီစစ်ဆင်ရေးထဲ ဆွဲသွင်းလာခဲ့ပါတယ်။ ဒီလုပ်ရပ်က နအဖ စစ်အစိုးရရဲ့ တိုင်းရင်းသားများအပေါ် ထားရှိတဲ့သဘောထားကို ထင်ဟပ်နေပါတယ်။ ...

**နအဖ၏ ရည်မှန်းချက်အစစ်အမှန်ကို သိမြင်ဖို့လိုသည်**

**– စာမျက်နှာ ၈ –**

ဒေါ်စုတရားဟောလို့ လူတွေဝိုင်းလာတာဟာ ပြည်သူ့လှုပ်ရှားမှု မဟုတ်ပါဘူး။ တရားနာတာပါ။ ကိုလိုနီခေတ်က ဆင်နွှဲခဲ့တဲ့ နှလုံးရည်တိုက်ပွဲမျိုး မပေါ်သေးပါဘူး။

**ဦးအောင်ခင်**

**– စာမျက်နှာ ၆ –**

RADIO FREE ASIA

ICRC

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ**

**– စာမျက်နှာ ၁၂ –**

## “ကိုးရီးယားကျောင်းသားများ လာရောက်ဆွေးနွေး”

ဇန်နဝါရီလ ၁၄ ရက်နေ့က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အီဝူး (EWOO) အထက်တန်းကျောင်းမှ ဆရာနှစ်ဦးနှင့် ကျောင်းသားကျောင်းသူ ၁၃ ဦး ပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရုံးသို့ လာရောက်ပြီး တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။



ထိုတွေ့ဆုံပွဲသို့ အင်အားစု၏ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များ တက်ရောက်ပြီး အင်အားစုအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ မြန်မာ့နိုင်ငံရေး အခြေအနေအကြောင်း ရှင်းလင်းတင်ပြခြင်း၊ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်းများပြုလုပ်ခဲ့သည်။ ယခု လာရောက်သည့် ကိုရီးယားကျောင်းသားများသည် ပျမ်းမျှ အသက် ၁၇ နှစ်ဝန်းကျင်သာ ရှိကြသော်လည်း ဒီမိုကရက်တစ်အင်အားစုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ဒီမိုကရေစီရေးနှင့် စပ်လျဉ်း၍လည်းကောင်း စိတ်ဝင်တစား တက်ကြွစွာဖြင့် မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြသည်။

၎င်းအထက်တန်းကျောင်းမှာ ကိုရီးယားနိုင်ငံရှိ သမားရိုးကျမဟုတ်သည့် ကျောင်းများအနက် တခုဖြစ်ပြီး ပုံမှန်ပညာသင်ကြားရေးနှင့် မတူသည့် သင်ကြားနည်းပုံစံများဖြင့် သင်ကြားနေသောကျောင်းဖြစ်သည်။ ထိုင်း-မြန်မာ နယ်စပ်သို့ ယခုလာရောက်သည့် ခရီးစဉ်မှာ ၎င်းတို့၏ ပထမဆုံးအစီအစဉ်ဖြစ်ပြီး နောင်နှစ်များတွင်လည်း လာရောက်ဦးမည်ဖြစ်ကြောင်းသိရှိရသည်။ ဤခရီးစဉ်ကို နယ်စပ်အခြေစိုက် မြန်မာကလေးသူငယ်များ ပညာရေးထောက်ပံ့မှု အစီအစဉ် (Assistance Program of Education for Burmese Children - APEBC) အဖွဲ့က စီစဉ်ခဲ့ခြင်းဖြစ်သည်။

# “မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မူဝါဒရေးရာဦးဆောင်အဖွဲ့ လေးကြိမ်မြောက်အစည်းအဝေး ကျင်းပပြုလုပ်”

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မူဝါဒရေးရာဦးဆောင်အဖွဲ့ လေးကြိမ်မြောက်အစည်းအဝေးကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃၊ ၁၄၊ ၁၅ ရက်နေ့များနှင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၊ ၃၊ ၄ ရက်နေ့များတွင် နှစ်ကြိမ်ခွဲပြီး ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ဒီမိုကရက်တစ်အင်အားစု၏ အဖွဲ့ဝင်အဖွဲ့အစည်းများမှ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကာလများအတွင်း တသီးပုဂ္ဂလအဖွဲ့ဝင်သစ်များ လက်ခံခြင်း၊ အတွင်းရေးမှူးအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ အစီရင်ခံစာများ တင်သွင်းခြင်း၊ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အခြေအနေများကို မိတ်ဆက်ရှင်းလင်းခြင်း၊ တပ်ပေါင်းစုဆိုင်ရာများကို မိတ်ဆက်ရှင်းလင်းခြင်း၊ မူဝါဒဆိုင်ရာများကို သုံးသပ်ခြင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း စသည့်ကိစ္စရပ်များကို ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးနောက်ဆုံးနေ့တွင် အင်အားစု၏ အတွင်းရေးမှူးအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာ၌ အဖွဲ့ဝင်ကိုးဦးပါ အတွင်းရေးမှူးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အတွင်းရေးမှူးချုပ်အဖြစ် ဒေါက်တာနိုင်အောင်၊ ဒုတိယအတွင်းရေးမှူးချုပ်များအဖြစ် ကိုကျော်ကိုနှင့် ကိုငွေလင်း တို့ကို တာဝန်ပေးအပ်ခဲ့သည်။ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သတင်းနှင့်ပြန်ကြားရေးကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီနှင့် ပြည်တွင်းလုပ်ငန်းကော်မတီ ဟူ၍ လုပ်ငန်းကော်မတီသုံးခုဖွဲ့စည်းခဲ့သည်။

‘ရောင်ခြည်ဦးအလုပ်သမားအဖွဲ့’ ကို အဖွဲ့ဝင်အဖွဲ့အစည်းသစ်တခုအဖြစ် လက်ခံခဲ့သဖြင့် ယခုအခါတွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ အဖွဲ့ဝင်အဖွဲ့အစည်း ၇ ခု ရှိသွားပြီဖြစ်သည်။ ။

### မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

၁။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်– နိုင်ငံခြားရေးရာကော်မတီ (ABFSU-FAC)
၂။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)
၃။ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)
၄။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)
၅။ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NDD)
၆။ ပြည်သူ့ကာကွယ်ရေးတပ် (PDF)
၇။ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ (YCO)
၈။ တသီးပုဂ္ဂလများ

# “မြန်မာ့အမျိုးသမီးသမဂ္ဂ ၁၀ နှစ်ပြည့်အခမ်းအနား ထိုင်း– မြန်မာနယ်စပ်တွင်ကျင်းပ”




မြန်မာ့အမျိုးသမီးသမဂ္ဂ (Burmese Women's Union) ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၁၀နှစ်ပြည့်အခမ်းအနားကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက် ည ၇ နာရီခွဲခန့်က ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ကျင်းပခဲ့သည်။ ၎င်းနေ့သည် မြန်မာ့အမျိုးသမီးသမဂ္ဂ၏ စတုတ္ထအကြိမ် ညီလာခံကို ကျင်းပပြီးစီးခဲ့သည့်နေ့လည်းဖြစ်သည်။

အခမ်းအနားတွင် BWU တတိယအကြိမ်ညီလာခံသက်တမ်း ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သူ မိဆူးပွင့်က “၁၀ နှစ်တာကာလ ဖြတ်သန်းခဲ့ရတဲ့ ခရီးလမ်းတလျှောက်မှာ … အမျိုးသမီးတွေ နိုင်ငံရေးဘဝမှာ ပိုမိုပတ်သက်ဖို့ဆိုတဲ့ ဦးတည်ချက်ကိုရောက်အောင် ကျွန်မတို့ ကြိုးပမ်းခဲ့တဲ့ နေရာမှာ ဘယ်လိုမှရှောင်လို့လွှဲလို့မရတဲ့၊ ကျွန်မတို့နဲ့ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင် အလဲထိုးဖို့ ရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်မှုကြီးတခုကတော့ အစဉ်အလာ ဓလေ့ထုံးတမ်းတွေကနေပြီး အမျိုးသမီးတွေအပေါ်မှာ ကန့်သတ်ထားခဲ့တဲ့ ထိန်းချုပ်မှုတွေနဲ့ အဲဒီအပေါ်မှာ အရိုးစွဲ ယုံကြည်မှုတွေ ဖြစ်ပါတယ်” ဟု အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာနိုင်စေရန် ကြိုးပမ်းခဲ့ရပုံများကို ပြောဆိုသွားခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်း၊ မယ်တော်ဆေးခန်းမှ ဒေါက်တာစင်သီယာမောင်၊ ကရင်အမျိုးသမီးအစည်းအရုံး (KWO) မှ မခိုင်မာကျော်ဇော၊ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) မှ မတင်တင်ခိုင်နှင့် ပလောင်အမျိုးသမီးအစည်းအရုံးမှ လွေးအိနန်းတို့က အမှာစကားများ ပြောကြားခဲ့ပြီး အဖွဲ့အစည်းအသီးသီးမှလည်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

အဆိုပါ စတုတ္ထအကြိမ်ညီလာခံမှနေ၍ ဥက္ကဋ္ဌ မနန်းယဉ်၊ အထွေထွေအတွင်းရေးမှူး နော်လေးဒီ၊ တွဲဘက်အထွေထွေအတွင်းရေးမှူး မတင်တင်ညိုနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၄ ဦးကို ရွေးချယ်ခဲ့ကြသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂကို လွန်ခဲ့သည့် ၁၀ နှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီး ပြည်တွင်းမှနေ၍ ထိုင်း–မြန်မာနယ်စပ်၊ အိန္ဒိယ–မြန်မာ နယ်စပ်၊ တရုတ်–မြန်မာ နယ်စပ် အသီးသီးသို့ထွက်ခွာလာခဲ့ကြသည့် အမျိုးသမီးကျောင်းသူများဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ။

# “မြန်မာ့ဒီမိုကရေစီအရေး နိုင်ငံတကာလှုပ်ရှားမှု”



မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၀ တွင် ပြင်သစ်နိုင်ငံပါရီမြို့ နအဖ သံရုံးရှေ့၌ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။

ထိုဆန္ဒပြပွဲတွင် ဥရောပရောက်မြန်မာများ တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်လာသူ ၄၀ ခန့်ပါဝင်ခဲ့ကြသည်။ ဥရောပရောက် မြန်မာများ ၅ ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ပြင်သစ်နိုင်ငံပါရီမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ပြင်သစ်နိုင်ငံတာဝန်ခံ ကိုထင်ကျော်လွင်က တာဝန်ယူ လုပ်ဆောင်ခဲ့သည်။ ဆွေးနွေးပွဲသို့ အင်္ဂလန်၊ ဂျာမဏီ၊ ဆွီဒင်၊ နယ်သာလန်၊ နော်ဝေအပါအဝင် ဥရောပရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ အမျိုးသား ညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ နိုင်ငံခြားရေးရာတာဝန်ခံကိုဇော်မင်းတို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ဥရောပနိုင်ငံများအနေဖြင့် နအဖစစ်အုပ်စုအပေါ် ဖိအားပေးမှုများ တိုးတက်မြင့်မားလာစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ဥရောပရောက် မြန်မာ့ဒီမိုကရေစီရေးအင်အားစုများအကြား မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များကို အစည်းအဝေးတက်ရောက်လာသူများက ရေးဆွဲခဲ့ကြသည်။ ။

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ဦးတည်ချက် လေးရပ်

၁။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး။

၂။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး။

၃။ ပြည်တွင်းငြိမ်းချမ်းရေး။

၄။ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး။

## အရှေ့ဥရောပနိုင်ငံများ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်အတွင်း မီဒီယာများ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှကြီးမှူး၍ Seminar တစ်ခုကို ၂၀၀၅ ခုနှစ် ဇန္နဝါရီလ ၂၄၊ ၂၅ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ “အရှေ့ဥရောပနိုင်ငံများ၏ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်အတွင်း မီဒီယာများ၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် အရှေ့ဥရောပရေးရာ ကျွမ်းကျင်သူ မီဒီယာသမားတစ်ဦးက ပို့ချဆွေးနွေးပေးခဲ့ပြီး မိုးကြိုးသတင်းစာမှ ကိုယ်စားလှယ်နှစ်ဦးအပါအဝင် မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစု အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၇ ဦးတို့ တက်ရောက်ခဲ့ကြသည်။

# နိုင်ငံတကာကလေးများနေ့နှင့် လူ့ဘောင်သစ်ကျောင်း

ဇန္နဝါရီလ ၈ ရက်နေ့သည် ထိုင်းနိုင်ငံ၏ နိုင်ငံတကာကလေးများနေ့ ဖြစ်သည်။ ဤနေ့တွင် ထိုင်းနိုင်ငံ တဝှမ်းလုံးရှိ ထိုင်းကျောင်းသားကျောင်းသူများနှင့် ထိုင်းကလေးများအတွက် ပျော်ပွဲရွှင်ပွဲများကို ထိုင်းအစိုးရက ကြီးမှူးကျင်းပပေးပါသည်။



မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးလေးများအတွက်မူကား ထိုင်းအစိုးရကရော၊ မြန်မာအစိုးရကပါ တာဝန်ယူမပေးနိုင်ခဲ့ပါ။ အဆိုပါကွက်လပ်ကို ထိုင်းမြန်မာနယ်စပ်ရှိ မြန်မာအဝန်းအဝိုင်းတွင် ဖွင့်လှစ်ထားသည့် စာသင်ကျောင်းများမှ ဆရာ၊ဆရာမများနှင့်အတူ လက်တွဲကာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ စာသင်ကျောင်းက ဖြည့်စွက်ပေးခဲ့ကြပါသည်။

ထိုနေ့တွင် ကလေးများအတွက် ကဗျာရွတ်ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျဘမ်းစကားပြောပြိုင်ပွဲ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ကြသည်။ ရွှေ့ပြောင်း အလုပ်သမားများ၏ မျှော်လင့်ချက်နည်းပါးနေသည့် ရင်သွေးငယ်ကလေးများ၏ ဘဝကို မိမိတို့အတတ်နိုင်ဆုံး ပြုစုပျိုးထောင်ပေးနေကြခြင်းပင်ဖြစ်သည်။

# ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ ဂျီဟတ်ဆွန်း တရားမျှတမှုနှင့်ငြိမ်းချမ်းရေးဆု ရရှိ

**ကိုးရီးယားနိုင်ငံ ဂျီဟတ်ဆွန်းအဖွဲ့၏ ၂၀၀၄ ခုနှစ်အတွက် ငြိမ်းချမ်းရေးနှင့်တရားမျှတရေးဆုကို ထိုင်းမြန်မာနယ်စပ်ဒေသ အခြစိုက် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့အား ချီးမြှင့်ခဲ့သည်။**



အဆိုပါ ဆုချီးမြှင့်ပွဲကို ၂၀၀၄ ခု ဒီဇင်ဘာလ ၁၀ ရက်နေ့ ညနေပိုင်းက ကိုးရီးယားနိုင်ငံတွင် ကျင်းပခဲ့ရာ ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့ တာဝန်ခံ ကိုမိုးဆွေ တက်ရောက်လက်ခံယူခဲ့သည်။ ဆုချီးမြှင့်ပွဲကို ကိုးရီးယားနိုင်ငံရောက်မြန်မာများ အပါအဝင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ကိုရီးယားဌာနခွဲ)၊ မြန်မာအသင်း (ကိုရီးယား) နှင့် APEBC အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဂျီဟတ်ဆွန်းအဖွဲ့၏ ဉက္ကဋ္ဌဖြစ်သူ ကင်ပျောင်ဆောင်းက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ရှစ်ကြိမ်မြောက်ဆုကို ထိုင်းမြန်မာနယ်စပ်ရှိ မြန်မာအလုပ်သမားများအား ကူညီ နေသည့် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ကို ပေးအပ်သည့်အတွက် ယခုထက်ပိုပြီး ကူညီမှုများ ပြုလုပ်နိုင်မှာဖြစ်ပြီး လူ့အခွင့်အရေး ဆုံးရှုံးနေသော မြန်မာအလုပ်သမားများ အပါအဝင် ကမ္ဘာပေါ်ရှိ အခြေအနေမဲ့နေရသည့် ရွှေ့ပြောင်းအလုပ်သမားများကို ပိုမို အာရုံစိုက်လာနိုင်မည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။ ရောင်ခြည်ဦးတာဝန်ခံ ကိုမိုးဆွေကလည်း မဲဆောက်မြို့မှ မြန်မာ အလုပ်သမားများ၏ ဘဝအခြေအနေကို မှတ်တမ်းတင် ဗီဒီယိုဖြင့် တင်ပြခဲ့သည်။ ထို့နောက် ဂျီဟတ်ဆွန်း တရားမျှတမှုနှင့် ငြိမ်းချမ်းရေးဆုတံဆိပ်နှင့် ငွေသား အမေရိကန်ဒေါ်လာတစ်သောင်းကို ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ တာဝန်ခံကိုမိုးဆွေသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂျီဟတ်ဆွန်းအဖွဲ့ကို ကိုးရီးယားနိုင်ငံ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး အတွက် တိုက်ပွဲဝင်ခဲ့သူအဖြစ် ထင်ရှားသည့် ခရစ်ယာန်ဘုန်းတော်ကြီး ဂျီဟတ်ဆွန်းက ၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အဆိုပါအဖွဲ့သည် ဒေသတွင်း လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နေ သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများကို တနှစ်တကြိမ် ရွေးချယ်ပြီး ဆုချီးမြှင့်နေသည့် အဖွဲ့ဖြစ်သည်။ ဤဆုကို ကိုးရီးယားနိုင်ငံရှိ အလုပ်သမားသမဂ္ဂ၊ ရီဖယ်ဆေးခန်း၊ စစ်ဆန့်ကျင်ရေးအဖွဲ့တို့ ရရှိခဲ့ကြဖူးသလို ဘင်္ဂလားဒေ့ရှ်မှ ရိုစလင်းကိုစတာ၊ အင်ဒိုနီးရှားမှ အဘူဆူလမ်မီ၊ ပါတစ္စတန်မှ ကစ်သလစ်ဘုန်းတော်ကြီးများအဖွဲ့နှင့် ဟောင်ကောင်မှ အာရှလူမှုဖွံ့ဖြိုးရေးအဖွဲ့တို့ ရရှိခဲ့ကြဖူးသည်။

မဲဆောက်မြို့ အေစီအာစက်ရုံမှ မြန်မာ အလုပ်သမားတဦးဖြစ်သူ ကိုဇူလိုင်ကလည်း ဆုရခြင်းအပေါ် ယခုလိုပြောကြားခဲ့သည်။

“ကျနော်အပါအဝင် ဒီမှာရှိနေကြတဲ့ မြန်မာအလုပ်သမားတွေကလည်း ဒီဆုရတဲ့ သတင်းကြားရလို့ အတော်ဝမ်းသာနေကြတယ်၊ တကယ်ဆိုတော့ ဒီဆုကို ထိုက်ထိုက်တန်တန် ရခဲ့တာပါ။ ဘာလို့လဲ ဆိုတော့ ရောင်ခြည်ဦးအဖွဲ့ဟာ အန္တရာယ်တွေ အခက်အခဲတွေကြားကနေ မြန်မာအလုပ်သမားတွေအရေးအတွက် မဆုတ်မနစ်လှုပ်ရှားနေတဲ့ အဖွဲ့ဖြစ်လို့ပါပဲ။”

# ထိုင်းနိုင်ငံတောင်ပိုင်းမှ ရေလှိုင်ဘေးဒဏ်ခံ မြန်မာအလုပ်သမားများအား ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ သွားရောက်ကူညီ

ထိုင်းမြန်မာနယ်စပ်အခြေစိုက် ရောင်ခြည်ဦးမြန်မာအလုပ်သမားအဖွဲ့မှ တာဝန်ခံကိုမိုးဆွေသည် ထိုင်းနိုင်ငံတောင်ပိုင်း ဆူနာမီ လှိုင်ရေဘေးဒဏ်ခံ ဒေသများသို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီးနောက် အဆိုပါ လှိုင်ရေဘေးအတွင်း မြန်မာအလုပ် သမား ၂၅၀၀ ကျော်သေဆုံးခဲ့ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

တဆက်တည်းမှာပင် သဘာဝဘေးဒဏ် ခံစားခဲ့ရပြီး ထိုင်းအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စာရင်းထည့်သွင်းစဉ်းစားခြင်းမခံခဲ့ရပဲ အမေ့လျော့ခံခဲ့ရသည့် မြန်မာအလုပ်သမားများနှင့် မိသားစုများအား ကယ်ဆယ်ကူညီရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

ရေဘေးဒဏ်ကြောင့် မိသားစုဝင်များ ဆုံးရှုံးခဲ့ကြရသည့် ဖန်ငါ ခရိုင်အတွင်းမှ မြန်မာအလုပ်သမားများအား မိသားစုတစုလျှင် ဘတ်ငွေ ၅၀၀၀ စီ ထောက်ပံ့ငွေများကို ဇန်နဝါရီလ ၁၈ ရက်နှင့် ၂၃ ရက်နေ့များတွင် ပေးအပ်ကူညီခဲ့သည်။ ထိုငွေများကို မဲဆောက်မြို့ရှိ မြန်မာအလုပ်သမားများက လှူဒါန်း ထည့်ဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာအလုပ်သမား ၃၇ ဦးအား မဟာချိုင်ရှိ မြန်မာအလုပ်သမားများမှ လှူဒါန်းကူညီမှုဖြင့် ဆန်၊ ဆီ၊ ဆား အစရှိသည့် အခြေခံစားကုန်များ ထောက်ပံ့ ဖြန့်ဝေပေးခဲ့ပါသည်။

ရောင်ခြည်ဦးအလုပ်သမားအဖွဲ့သည် ချင်းမိုင်အခြေစိုက် ရွှေ့ပြောင်းအလုပ်သမားများကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (MAP)၊ မြန်မာပြည် ဒီမိုကရေစီရရှိရေး ထိုင်းကော်မတီ (TACDB) တို့နှင့် ပူးပေါင်းကာ အလုပ်အကိုင်နှင့် နေထိုင်စားသောက်ရေးနှင့် အထောက်အထား စာရွက်စာတမ်းအားလုံးဆုံးရှုံးကာ အတိဒုက္ခရောက်နေကြသည့် မြန်မာ အလုပ်သမားများအား တရားဝင်နေထိုင် လုပ်ကိုင်ခွင့်ရရေး စီစဉ်ပေးရန် ထိုင်းအာဏာပိုင်များကို တိုက်တွန်းတောင်းဆိုခဲ့သည်။

လှိုင်ရေဘေးဒဏ် ကျရောက်ခဲ့ပြီး တလအကြာ ဇန်နဝါရီ ၂၆ ရက်နေ့၌ ထိုင်းအာဏာပိုင်များက မြန်မာအလုပ်သမား ရေဘေးဒုက္ခသည်များ ကယ်ဆယ်ကူညီရေးအတွက် အန်ဂျီအိုများနှင့်ဆွေးနွေးခဲ့ပြီး၊ ယခုအခါ မြန်မာအလုပ်သမားများအား ယာယီနေထိုင်ခွင့်လက်မှတ်များ စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ။

# လွတ်လပ်သောအလုပ်သမားသမဂ္ဂများနိုင်ငံတကာအဖွဲ့ချုပ် အစီရင်ခံစာ

မြန်မာစစ်အစိုးရနှင့် လက်ရှိအလုပ်လုပ်ကိုင်နေသည့် ကုမ္ပဏီပေါင်း ၄၀၀ ကျော်ရှိနေပြီး အဆိုပါ ကုမ္ပဏီများသည် စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သည့်နည်းနှင့်ဖြစ်စေ ကူညီအားပေးနေသည်ဟု နိုင်ငံတကာ လွတ်လပ်သောအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ICFTU က ပြောကြားလိုက်သည်။ ၂၀၀၅ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့က ထုတ်ပြန်ခဲ့သည့် Doing Business with Burma အမည်ရှိ အစီရင်ခံစာတွင် ICFTU က ယခုလို ဖော်ပြလိုက်ခြင်းဖြစ်ပြီး အဆိုပါ စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် အကျိုးအမြတ်များကို နအဖ စစ်အစိုးရက စစ်တပ်အသုံးစရိတ်အဖြစ် အသုံးပြုနေကြောင်းလည်း ထောက်ပြထားသည်။

ICFTU မှရရှိထားသည့် စာရင်းများအရ မြန်မာစစ်အစိုးရနှင့် အလုပ်လုပ်နေသည့် ကုမ္ပဏီပေါင်း ၄၃၉ ခုရှိပြီး ဆက်လက် လေ့လာနေဆဲဖြစ်၍ နောက်ထပ် ကုမ္ပဏီအရေအတွက် တိုးကောင်းတိုးလာနိုင်ကြောင်း၊ ထိုကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခွင့်ရရှိရန်အတွက် စစ်အာဏာရှင်များနှင့် မဆက်ဆံ၍ မရကြောင်း၊ ထို့ကြောင့် လွန်ခဲ့သည့် ၁၅ နှစ်ကတည်းက နအဖ အနေဖြင့် အကျိုးအမြတ်များ ရရှိနေခဲ့ပြီး ဒုတိယ အကျိုးရှိသည်မှာ အဆိုပါကုမ္ပဏီများပင်ဖြစ်ကြောင်း ICFTU စည်းရုံးလှုံ့ဆော်ရေး ဌာနတာဝန်ခံ Mr. Van Heusen က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့နှင့် ကုလသမဂ္ဂ ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပုံမှန်အစီရင်ခံစာတွင်လည်း မြန်မာစစ်အစိုးရသည် စုစုပေါင်းဝင်ငွေ၏ ၀.၃ ရာခိုင်နှုန်းလောက်ကိုသာ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် အသုံးပြုကြောင်း အတိအကျ ဖော်ပြထားပြီး ဖြစ်သည်။ ဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းကိုမူ စစ်တပ်အတွက် အသုံးပြုနေခြင်းကြောင့် ကုမ္ပဏီများမှ ရရှိထားသည့် အကျိုးအမြတ်များသည် စစ်အာဏာရှင်တို့ကို သက်ဆိုးရှည်စေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို အားပေးရာရောက်သည်။ ထို့ကြောင့် ဤသည်မှာ မှားယွင်းသည့် ရင်းနှီးမြှုပ်နှံမှုများသာဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။

နအဖ စစ်အစိုးရနှင့် ဖက်စပ်လုပ်ကိုင်နေသည့် ကုမ္ပဏီများအနေဖြင့် ဤအစီရင်ခံစာကို ဖတ်စေလိုကြောင်း၊ သို့မှသာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကြောင့် အကျိုးဆက်များ မည်သို့မည်ပုံဖြစ်နေသည်ကို တွေးမိလာမည်ဖြစ်ကြောင်း၊ ဒုတိယအနေဖြင့် ၎င်းတို့ မြန်မာပြည်တွင် ဘာလုပ်နေသည်ဆိုခြင်းကို အသေအချာ ပြန်လည်သုံးသပ်ပြီး စစ်အစိုးရနှင့် အဆက်အသွယ်လုပ်နေမှုများကို ရပ်တန့်လိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ဆက်လက် ပြောဆိုခဲ့သည်။ ။

*ဒီဗွီဘီ*

## အင်တာနက်စာမျက်နှာများ

| | |
|---|---|
| ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) | www.abfsu.net |
| မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး | www.absdf.net |
| လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | www.dpns.org |

# “လွတ်လပ်မှု တရားမျှတမှုနှင့် ပြည်သူ”

(၅၇) နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်သည့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ စတင်၍ ရိုးမ ၃ သတင်းဌာန၏ အင်တာနက်ဝက်ဆိုက် စာမျက်နှာကို ဖွင့်လှစ်ထားကြောင်း သိရှိရသည်။



ခေါင်းစည်းတွင် “လွတ်လပ်မှု တရားမျှတမှုနှင့် ပြည်သူ” ဟူသည့် ဆောင်ပုဒ်ကို ဖော်ပြထားပြီး အင်တာနက်လိပ်စာမှာ www.yoma3.org ဖြစ်သည်။

စစ်အာဏာရှင်စံနစ်အောက် မြန်မာနိုင်ငံတွင် ပြည်သူများဖိနှိပ်ခံနေရသည့် အဖြစ်အပျက်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ပြည်သူတို့ကြုံတွေ့နေရသည့် သတင်းအချက်အလက်မှန်များကို လက်လှမ်းမီသမျှ စုစည်းတင်ပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အင်္ဂလိပ်ဘာသာ နေ့စဉ်သတင်းများကိုလည်း သက်ဆိုင်ရာ အင်တာနက်စာမျက်နှာများတွင် အပြည့်အစုံဖတ်ရှုနိုင်ရန် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်းမှ ထုတ်ဝေသော စာနယ်ဇင်းများနှင့် စာပေမိတ်ဆွေများပေးပို့လာသည့် စာမူများ၊ ရိုးမ ၃ ဝိုင်းတော်သားများ၏ စာမူများအပြင် သတင်းဆောင်းပါး၊ ကဏ္ဍစုံဆောင်းပါး၊ ရသစာစု၊ အတွေးအမြင်၊ ကဗျာ၊ ကာတွန်း၊ ဟာသ စသည့်ကဏ္ဍများလည်းပါဝင်သည်။ စာပေဝါသနာရှင်များ အနေဖြင့် စာမူများ၊ အကြံပြုစာများ ပေးပို့ပေးနိုင်ကြောင်း သိရှိရသည်။ ။

# ပြည်သူ့လှုပ်ရှားမှု၊ နှလုံးရည်တိုက်ပွဲနဲ့ ခေါင်းဆောင်မှု

## ဦးအောင်ခင်

ခေတ်ပြောင်းတော်လှန်ရေးလှုပ်ရှားမှု အောင်မြင်ရန်အတွက် ပေးဆပ်ရသည့်တန်ဘိုးမှာ အလွန်ကြီးမားကြောင်းကို သမိုင်းလေ့လာသူဦးအောင်ခင်က သမိုင်းကြောင်းပြန်ကောက်ပြီး မြန်မာနိုင်ငံအခြေအနေနှင့် နှိုင်းယှဉ်တင်ပြကာ အာအက်ဖ်အေမှ ထုတ်လွှင့်ခဲ့သည့် အသံလွှင့်ဆောင်းပါး

မြန်မာပြည်မှာ အပြောင်းအလဲဖြစ်ဖို့ လူတိုင်းလိုလို မျှော်လင့်နေကြပါတယ်။ အချိန်ကြာမြင့်စွာ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေကို စိတ်ကုန်နေကြပါပြီ။ ဒေါ်အောင်ဆန်းစုကြည်လည်း တတ်နိုင်သမျှ ကြိုးပမ်းပေမယ့် အခု အဖမ်းခံနေရပြန်ပါပြီ။ ဒေါ်အောင်ဆန်းစုကြည် မပါရင် နိုင်ငံရေး လှုပ်ရှားမှုမရှိသလို ဖြစ်နေပါတယ်။ လူတဦးအပေါ်မှာ မူတည်တဲ့ လှုပ်ရှားမှုဟာ မထိရောက်နိုင်ဘူး ဆိုတဲ့ ပြောသံဆိုသံတွေလည်း ကြားလာရပါတယ်။

သမိုင်းတွင်တဲ့ အပြောင်းအလဲမျိုးကို ပြည်သူ့လှုပ်ရှားမှုမရှိဘဲ လူတဦး သို့မဟုတ် လူတစုက မလုပ်နိုင်ပါဘူး။ ဒါကြောင့် သတ္တိရှိတဲ့ခေါင်းဆောင်ကိုသာ အားမကိုးဘဲ လူတိုင်းသတ္တိမွေးပြီး ဒိုးတူဘောင်ဘက် လက်တွဲဆောင်ရွက်ကြဖို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောသွားတာပါပဲ။ ဒီမိုကရေစီဆိုတာ ပြည်သူ့အာဏာတည်ဆောက်ရေးဖြစ်လို့ ပြည်သူ့အဖွဲ့အစည်းရှင်သန်အောင်လုပ်ဖို့ နိုင်ငံခြားက အကြံပေးကြပါတယ်။ အရပ်သားအဖွဲ့အစည်း Civil Society တည်ထောင်ဖို့ပေါ့၊ စာနယ်ဇင်းလောက၊ တက္ကသိုလ်လောက၊ ကုသိုလ်ဖြစ်အဖွဲ့၊ အလုပ်သမားအဖွဲ့၊ ဘာသာရေးအဖွဲ့၊ နိုင်ငံရေးအဖွဲ့တွေ အားကောင်းလာအောင်လုပ်ဖို့ ပြောတာပါပဲ။ ဒါပေမယ့် မြန်မာပြည်မှာ ပြည်သူ့လှုပ်ရှားမှု မရှိသလောက် ဖြစ်နေပါတယ်။ အာဏာရှင်ဓလေ့ကို လက်ခံထားတဲ့တိုင်းပြည်မှာ ဒီမိုကရေစီထွန်းကားအောင် ကုလသမဂ္ဂနဲ့ နိုင်ငံခြားက လုပ်မပေးနိုင်ပါဘူး။ ဒီနေရာမှာ သမိုင်းကို အနည်းငယ်တင်ပြပါရစေ။

ကမ္ဘာ့ပါလီမန်ကြီးရဲ့ မိခင်ကြီးလို့ တင်စားခံရတဲ့ အင်္ဂလိပ်ပါလီမန်ဟာ အေးချမ်းစွာပေါ်ထွက်လာတဲ့ ပြည်သူ့ကိုယ်စားလှယ်အဖွဲ့ မဟုတ်ပါဘူး။ အာဏာရှင်ဘုရင်ကို တော်လှန်နိုင်လို့ ပါလီမန်အစိုးရစနစ် ပေါ်လာတာပါ။ ပါလီမန် ကြီးစိုးနိုင်အောင် ပေးဆပ်ရတဲ့ တန်ဖိုးဟာ ကြီးမားပါတယ်။ ၁၇ ရာစုမှာ အာဏာရှင်ဘုရင်နဲ့ ပါလီမန်အကြား ဖြစ်ပွားတဲ့ ပြည်တွင်းစစ်ကြောင့် သေကြေပျက်စီးသူ ၁ သိန်း ၉ သောင်း ရှိတယ်လို့ သမိုင်းဆရာတွေက ခန့်မှန်းပါတယ်။ ပြည်တွင်းစစ်မှာ ပါလီမန်အနိုင်ရလို့ အင်္ဂလန်မှာ ပါလီမန်ဒီမိုကရေစီစနစ် ပြုစုပျိုးထောင်နိုင်တာပါပဲ။ လွတ်လပ်စွာတွေးခေါ်ခွင့်ကို ၁၇ ရာစု အင်္ဂလိပ်ပညာတတ်တွေ တင်ပြရာမှာ ရှေးဟောင်းအေသင်ဒီမိုကရေစီကို ကိုးကားသလို အေသင်ခေတ်လိုပဲ မင်းစိုးမင်းညစ်ကို သုတ်သင်ရှင်းလင်းဖို့ ကြိုးစားကြပါတယ်။ မိမိ လွတ်မြောက်ရေးကို တိုက်ပွဲဝင်ရာမှာ နိုင်ငံခြားအတွေးအခေါ်ကို လေ့လာဆည်းပူးတာဟာ အဲဒီခေတ်က စခဲ့တဲ့ အစဉ်အလာပါ။ အမေရိကန်ပြည်ထောင်စု တည်ထောင်ဖို့အတွက် ရင်းနှီးရတာလည်း မနည်းပါဘူး။ ၁၈ ရာစုမှာ ဖြစ်ပွားတဲ့ အမေရိကန်လွတ်လပ်ရေး တိုက်ပွဲမှာ သေဆုံးသူ ၂၄၀၀၀ ရှိပါတယ်။ လူဦးရေက လေးသန်းသာ ရှိတာမို့ အကျအဆုံးများတယ်လို့ ပြောနိုင်ပါတယ်။ အကြွင်းမဲ့ အာဏာရှင်ဘုရင်စနစ်ကို အမြစ်ပါမကျန်အောင် တွန်းလှန်ဖျက်ဆီးတဲ့ ၁၈ ရာစု ပြင်သစ်တော်လှန်ရေးမှာ သေဆုံးသူ လေးသောင်းကျော်တယ်လို့ ခန့်မှန်းပါတယ်။ လွတ်လပ်ရေးအတွက်ပေးဆပ်ရတဲ့ တန်ဘိုးပါပဲ။ အိန္ဒိယက ဂန္ဒီကြီးရဲ့ နှလုံးရည်တိုက်ပွဲမှာ ပါဝင်သူတွေ ၁ သိန်းလောက်ထိအောင် ထောင်ကျဖူးပါတယ်။

မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံအားပေးတဲ့ နိုင်ငံတွေထဲမှာ မကြာခင်ကမှ လွတ်လပ်ရေးရသွားတဲ့ အရှေ့တီမောဟာ ထင်ရှားပါတယ်။ လူဦးရေအလွန်နည်းတဲ့ အရှေ့တီမောနိုင်ငံဟာ လွတ်လပ်ရေးအတွက် အများဆုံး ရင်းနှီးရတဲ့ နိုင်ငံပါ။ အင်ဒိုနီးရှားစစ်တပ်က ၁၉၇၅ ဒီဇင်ဘာမှာ အရှေ့တီမောကို သိမ်းပိုက်ချိန်ကစပြီး ကုလသမဂ္ဂတပ်ဖွဲ့ဝင်လာတဲ့ ၁၉၉၉ အထိ အနှစ် ၂၀ ကျော်လွတ်လပ်ရေး တိုက်ပွဲဝင်ရာမှာ နှစ်သိန်းကျော် ကျဆုံးတယ်လို့ ခန့်မှန်းပါတယ်။ လူဦးရေ တစ်သန်းကျော်သာ ရှိတဲ့ ကျွန်းမှာ ၁၀၀ မှာ ၂၀ အသေခံတော့မှ လွတ်လပ်ရေးရသလို ဖြစ်နေပါတယ်။ စစ်တပ်က ပြည်သူ့ဘက်က ရပ်တည်တဲ့ ဖိလစ်ပိုင်အရေးတော်ပုံကတော့ အသေအပျောက်သိပ်နည်းပါတယ်။ နှလုံးရည်တိုက်ပွဲမှာ စစ်တပ်ကို ကိုယ့်ဘက်ပါအောင် သို့မဟုတ် ကြားနေအောင် စည်းရုံးရပါတယ်။ အင်ဒိုနီးရှားမှာလည်း အာဏာရှင်ကို စစ်တပ်က မထောက်ခံလို့ အသေအပျောက် နည်းသွားပါတယ်။ အင်ဒိုနီးရှားစစ်တပ်ဟာ အာဏာရှင်ရဲ့ အသုံးတော်ခံဘဝက ရုန်းထွက်နိုင်ခဲ့ပါတယ်။

အင်္ဂလိပ်အစိုးရကို ဖြုတ်ချဖို့ ဆရာစံခေါင်းဆောင်တဲ့လယ်သမားတွေ သူပုန်ထခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရက စစ်ဆင်ပြီး နှိမ်နင်းတဲ့အတွက် သူပုန် ၃၀၀၀ ကျော် ကျဆုံးပြီး ၁၀၀ ကျော် ကြိုးဒဏ်ခံရတယ်လို့ အင်္ဂလိပ်သမိုင်းဆရာတွေက ရေးပါတယ်။ ဒေါက်တာထင်အောင်ကတော့ ကျဆုံးတဲ့ သူပုန် ၁၀၀၀၀ ကျော်မယ်လို့ ခန့်မှန်းတဲ့အတွက် ဆရာစံသူပုန်မှာ လယ်သမား ၃၀၀၀ နဲ့ ၁၀၀၀၀ ကြား သေဆုံးတယ်လို့ ခန့်မှန်းနိုင်ပါတယ်။ လယ်သမားတွေအသတ်ခံရတာကို တွေးကြောက်နေရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်တွေ ဦးဆောင်တဲ့ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုဆိုတာ ပေါ်ထွက်လာမှာ မဟုတ်ပါဘူး။

ကျောင်းသားဦးဆောင်တဲ့ ၁၉၈၈ အုံကြွမှုမှာလည်း သုံးထောင်နဲ့ တသောင်းကြား အသတ်ခံရတယ်လို့ ခန့်မှန်းကြပါတယ်။ ဒီလို အသတ်ခံရတာကို ကြည့်ပြီး ပြည်သူ့လှုပ်ရှားမှုဖြစ်ပေါ်ဖို့ မကြိုးစားတော့ဘူးဆိုရင် ဒီမိုကရေစီရဖို့လည်း အလားအလာ မရှိနိုင်ပါဘူး။ ဒေါ်စုတရားဟောလို့ လူတွေဝိုင်းလာတာဟာ ပြည်သူ့လှုပ်ရှားမှု မဟုတ်ပါဘူး။ တရားနာတာပါ။ ကိုလိုနီခေတ်က ဆင်နွှဲခဲ့တဲ့ နှလုံးရည်တိုက်ပွဲမျိုး မပေါ်သေးပါဘူး။ လက်နက်ကိုင်စစ်ပွဲနဲ့ နှလုံးရည်တိုက်ပွဲဟာ လုံးဝ ကွဲပြားခြားနားပါတယ်။ စစ်ပွဲမှာ ခေါင်းဆောင်က နောက်ဆုံးမှာနေပြီး နောက်လိုက်ငယ်သားကို ရှေ့ကတိုက်ခိုင်းပါတယ်။ ဒီ အကျင့်ပါနေတဲ့ စစ်ဗိုလ်က ကိုယ်လုပ်ရမယ့်ကိစ္စကို ငယ်သားကို လုပ်ခိုင်းတတ်ပါတယ်။ နှလုံးရည်တိုက်ပွဲမှာတော့ ခေါင်းဆောင်က အမြဲတမ်း ရှေ့ဆုံးက နေရပါတယ်။ တဗိုလ်ကျတဗိုလ်တက် ဆင်နွှဲတဲ့ တိုက်ပွဲပါ။ လူ့အဖွဲ့အစည်းကို ပြောင်းလဲစေနိုင်တဲ့ နှလုံးရည်တိုက်ပွဲဟာ သူ့အလိုအလျောက် ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ များသောအားဖြင့် ခေါင်းဆောင်ပိုင်းက နှလုံးရည်တိုက်ပွဲကို ပြင်ဆင်ရပါတယ်။ တွေးကြောက်ပြီး အစိုးရိမ်လွန်နေလို့ လွတ်လပ်ရေးအတွက် ရင်းနှီးဖို့ ဝန်လေးနေရင်တော့ လွတ်လပ်ရေးရဖို့ အလားအလာလည်းမရှိနိုင်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

# ဒီမိုကရေစီဟာ တပ်မတော်ရဲ့ ရန်သူမဟုတ်

၂၁ ရာစုကို ချဉ်းနင်းဝင်ရောက်လာမှုနဲ့အတူ ကမ္ဘာကြီးတခုလုံး လစ်ဘရယ်ဒီမိုကရေစီဘက်ဆီ တိမ်းညွှတ်လာနေပါတယ်။ တဖက်မှာလည်း ဒီမိုကရေစီစနစ် ဖော်ဆောင်ကျင့်သုံးလာမှုဟာ ကမ္ဘာ့သူကမ္ဘာ့သားအားလုံးနဲ့ သက်ဆိုင်လာတယ်လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ထိုနည်းတူ ဒီကနေ့ မြန်မာပြည်ဒီမိုကရေစီစနစ် ဖော်ဆောင်နေမှုဟာ တိုင်းသူပြည်သားအားလုံး နှီးနွယ်ပါတ်သက် အကျိုးခံစားခွင့်ရှိရပါမယ်။ တိုင်းပြည်တွင်း မှီတင်းနေထိုင်သူ အယုတ်အလတ်အမြတ်မရွေး အားလုံး ခံစားပိုင်ခွင့်ရှိတဲ့ စနစ်သာလျှင် ဖြစ်တယ်။ ဒီ့ထက် ပိုမိုတိတိကျကျ ဖော်ညွှန်းရရင်တော့ တပ်မတော်နဲ့လည်း သက်ဆိုင်အကြုံးဝင်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ ဆိုတာ တပ်မတော်ရဲ့ရန်သူမဟုတ်၊ စစ်အာဏာရှင်စနစ်ကို ဆက်လက် ထူထောင်လိုသူတွေရဲ့ ရန်သူသာလျှင်ဖြစ်တယ် ဆိုတာကို ကွဲကွဲပြားပြား သိစေလိုတယ်။

တိုင်းပြည်တခုမှာ လက်နက်ကိုင်တပ်မတော်တရပ် ရှိဖို့လိုတာ အမှန်ပါပဲ။ ဒါပေမယ့် တပ်မတော်ကို ခုတုံးလုပ်ပြီး စစ်အာဏာရှင်စနစ် ထူထောင်နေမှုကိုတော့ ဘယ်တိုင်းပြည် လူ့အဖွဲ့အစည်းကမှ လက်မခံပါဘူး။ တပ်မတော်ဟာ တိုင်းပြည်ကာကွယ်ရေးကိစ္စတွေဆောင်ရွက်ရင်း လူထုရဲ့ အသက်အိုးအိမ်လုံခြုံမှုကို အကျိုးပြုနိုင်ပါတယ်။ စစ်အာဏာရှင်စနစ်ကတော့ တပ်မတော်နဲ့ ဆန့်ကျင်ဘက်၊ မြန်မာ့လူ့အဖွဲ့အစည်းတခုလုံးကို အန္တရာယ်အမျိုးမျိုး၊ ဒုက္ခအသွယ်သွယ် ကျရောက်စေဖို့ ဖန်တီးပေးနေတဲ့ရန်သူ ဖြစ်နေတယ်။ ထပ်ပြီး ခွဲခြမ်းစိပ်ဖြာကြည့်မယ်ဆိုရင် စစ်အာဏာရှင်စနစ်ဟာ တပ်မတော်ရဲ့ရန်သူလည်း ဖြစ်နေပြန်တယ်။ ဒီကိစ္စတွေကို ချဉ်းကပ်လေ့လာတဲ့နေရာမှာ စစ်အာဏာရှင်စနစ်ရဲ့ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်ထားမှုတွေကြောင့် တပ်မတော်သားတွေအနေနဲ့ လက်ခံနိုင်ဖို့အရမ်းကို ခက်ခဲနေပါလိမ့်မယ်။ ဒီအပေါ်မှာတော့ အပြစ်မဆိုသာပါ။ တပ်မတော်သားတွေဟာ ယုံကြည်မှုအမှားတွေနဲ့ အသားကျနေတယ်။ ဥပမာ – တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်၊ တပ်မတော်သည်သာ လွတ်လပ်ရေးကို အရယူခဲ့တာ၊ တိုင်းပြည်ကို တပ်မတော်မှတပါး မည်သည့်ပါတီအဖွဲ့အစည်းမှ မအုပ်ချုပ်နိုင်၊ တပ်မတော်သည်သာ စည်းလုံးညီညွတ်မှုအရှိဆုံး၊ တပ်မတော်သည်သာ အမြင့်မြတ်ဆုံး စသဖြင့် စစ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့သူတွေက တပ်မတော်ကို ယုံကြည်မှုအမှား၊ သမိုင်းအမှားတွေနဲ့ ပုံသွင်းခဲ့ကြတယ်။ ဒီအခြေအနေတွေကို ခြုံကြည့်မယ်ဆိုရင် တပ်မတော်ဟာလည်း စစ်အာဏာရှင်တွေ ဖန်တီးထားတဲ့ အမှောင်ကမ္ဘာထဲမှာ ကျရောက်နေတယ်။ ဒီကနေ့ စစ်တပ်တွင်း ဖြစ်ပျက်နေမှုတွေက တပ်မတော် အမှောင်လွှမ်းခေတ်ကြီးရဲ့ ပြယုဂ်ပါပဲ။ စစ်အာဏာရှင်စနစ်ကြောင့် တိုင်းပြည်အမှောင်ဖုံးခဲ့သလို တပ်မတော်လည်း အမှောင်ဖုံးလွှမ်းခံနေရပါတယ်။ တပ်မတော်ဆိုတာ အစိုးရတရပ်ရဲ့ ထိန်းချုပ်မှုအောက်ကနေ တိုင်းပြည် အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိန်းသိမ်းကာကွယ်တဲ့နေရာမှာ အဓိကကျတဲ့ ယန္တရားတခု ဖြစ်ပါတယ်။ ခုတော့ တိုင်းပြည် အချုပ်အခြာပိုင်စိုးမှုကို အထောက်အကူမပြုနိုင်တဲ့အပြင် တပ်မတော်ဟာ လူထုရဲ့ရန်သူသဖွယ်တောင် ဖြစ်လာပါတယ်။ ဒါကြောင့် တပ်မတော်ရဲ့ အမှောင်လွှမ်းခေတ်ကြီးကို တခန်းရပ်ပြီး တပ်မတော်ရဲ့သမိုင်းသစ်ကို ရေးထွင်းဖို့အချိန် ကျရောက်နေပါပြီ။

စစ်အာဏာရှင်စနစ်ရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို ကျနော်တို့ တစ်ဦးချင်းစီရဲ့ လက်ရှိ နိုင်ငံရေး စီးပွားရေး လူမှုရေးဘဝတွေနဲ့ ချိန်ထိုး လေ့လာဖို့ လိုအပ်ပါမယ်။ စစ်အာဏာရှင်စနစ်ရဲ့ နှစ် ၄၀ ထုတ်လုပ်မှုတွေကတော့ ဒီမိုကရေစီနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး မဟုတ်ပါဘူး။ ပြည်သူလူထုတရပ်လုံး ဆင်းရဲမွဲတေနေမှု၊ သဘာဝသယံဇာတတွေ ခန်းခြောက်လာနေမှု၊ အမျိုးသားပြိုကွဲမှုကြီး ပိုမိုနက်ရှိုင်းလာနေမှု၊ သမိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ဖျက်ဆီးခံနေရမှု စတဲ့ ချောက်ကမ်းပါးတွေကိုသာ စစ်အာဏာရှင်စနစ်က ဖန်တီးပေးလိုက်တာပါ။ ဒ့ါအပြင် စစ်အာဏာရှင်စနစ် တွေက လူထုကောင်းကျိုး ဖန်တီးပေးတယ်ဆိုတာမျိုး မြန်မာ့သမိုင်းမှာသာမက ကမ္ဘာ့သမိုင်းမှာတောင် မရှိခဲ့ပါဘူး။ ဒီနေရာမှာ စစ်အုပ်စု စကားငှားပြီး ပြောရမယ်ဆိုရင်တော့ တိုင်းပြည် တည်ငြိမ်အေးငြိမ်းသာယာရေးကို ခြိမ်းခြောက်ဖျက်ဆီးနေတာ ဒီမိုကရေစီမဟုတ်၊ စစ်အာဏာရှင်စနစ်သာလျှင် ဖြစ်တယ်။

အချုပ်အားဖြင့် … တိုင်းပြည်ကို စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ရေးနဲ့ စစ်အာဏာရှင်စနစ်ထူထောင်နေတဲ့လူတစုအောက်က တပ်မတော်တခုလုံး လွတ်မြောက်ရေးဟာ တသီးတခြားစီမဟုတ်ဘဲ တဆက်တစပ်ထဲ တည်ရှိနေပါတယ်။ အပြန်အလှန် အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ဆက်နွယ်မှုတွေရှိနေပါတယ်။ ဒ့ါအပြင် ဒီမိုကရေစီစနစ်ဆိုတာ တပ်မတော်သားတွေနဲ့ တသီးတခြားစီ တည်ရှိနေတာမဟုတ်ပါ။ ဒါကြောင့် ဒီမိုကရေစီ ဖော်ဆောင်ရာမှာ တိုင်းချစ်ပြည်ချစ်တပ်မတော်သားများရဲ့ အခန်းကဏ္ဍဟာ အလွန်ကိုအရေးကြီးနေပါတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အာမခံမယ့် တပ်မတော်တရပ်ရှိဖို့ မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးက တောင်းဆိုနေကြောင်း တင်ပြလိုက်ပါတယ်။ ။




**ရဲဘော်သဘောထား**

# နအဖ ၏ ရည်မှန်းချက် အစစ်အမှန်ကို သိမြင်ဖို့လိုသည်

တန်းတူရေး၊ သွေးစည်းညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်သစ်မှခ်ဦးဆီသို့ ချီတက်ရာမှာ အဓိကအကျဆုံးလိုအပ်ချက်များပဲ ဖြစ်ပါတယ်။ တန်းတူရေး၊ သွေးစည်းညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ရရှိဖို့ဆိုရင် စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီရှိမှသာ ဖြစ်နိုင်ပါတယ်။ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးပြိုကွဲခဲ့တာ ကျနော်တို့တိုင်းပြည်မှာ လွတ်လပ်ရေး သက်တမ်းနဲ့အမျှ ရှည်ကြာခဲ့ပါပြီ။

ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးပြိုကွဲခဲ့ရတာဟာ ဒီမိုကရေစီမရှိလို့ပါ။ ဒါရဲ့ရလဒ်ဟာ ၁။ ပြည်တွင်းစစ်နဲ့ ၂။ တိုင်းပြည်ခေတ်နောက်ကျမှု ဖြစ်ပါတယ်။ ပြည်တွင်းစစ်ကိုရင်ဆိုင်ဖို့ဆိုလျှင် ဒီမိုကရေစီ ပြည့်ပြည့်ဝဝရှိဖို့လိုအပ်ပါတယ်။

နအဖ စစ်အစိုးရကတော့ သူတို့အုပ်စိုးတဲ့ကာလရောက်မှသာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ဘယ်ခေတ်ဘယ်ခါနဲ့မျှ အောင် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ကြွားလုံးထုတ်ခဲ့ပါတယ်။ ဒါဆိုရင် ဖြစ်ရပ်မှန်က ဘယ်လိုပါလဲ။

အဖြစ်မှန်က နအဖ ဟာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲ ထားနိုင်ခဲ့တယ်။ တဖက်မှာလည်း နအဖ စစ်အစိုးရကို လက်နက်စွဲကိုင်တိုက်ပွဲဝင်နေဆဲ တိုင်းရင်းသား အဖွဲ့အစည်းတွေ တည်ရှိနေသေးတယ်။

ဒါကြောင့် နအဖ စစ်အစိုးရ ကြွားလုံးထုတ်နေသလို 'အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး' ကို ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် ဆောင်ရွက်နိုင်ခဲ့သေးတာ မဟုတ်ဘူး။

အခုအခြေအနေဟာ စစ်လည်းမဖြစ် ငြိမ်းချမ်းရေးလည်းမရသေးတဲ့ အခြေအနေသာဖြစ်တယ်၊ ဒီအခြေအနေဟာ ယာယီပဲဖြစ်တယ်။ တကယ် ငြိမ်းချမ်းရေးလား၊ အမည်ခံ အားရအောင် ငြိမ်းချမ်းရေးဆိုတဲ့ အတုနဲ့အစစ်၊ အနှစ်နဲ့အကာကို အနေးနဲ့အမြန်ရွေးချယ်ကြရတော့မယ်။

ဒီလိုရွေးချယ်ကြတဲ့နေရာမှာ အတုနဲ့အစစ်၊ အနှစ်နဲ့အကာကို ဘယ်လို ခွဲခြားမလဲ။ တကယ်ငြိမ်းချမ်းရေးနဲ့ တကယ့်သွေးစည်း ညီညွတ်ရေး ဟုတ်မဟုတ် ခွဲခြားဖို့ဆိုရင် တည်ရှိခဲ့တဲ့ နိုင်ငံရေးပြဿနာ (တန်းတူရေးနဲ့ ဒီမိုကရေစီရေးပြဿနာ) ကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းသလားဆိုတဲ့ အချက်ပေါ်မှာ တည်ပါတယ်။

နအဖ စစ်အစိုးရက ကျင်းပနေတဲ့ ညောင်နှစ်ပင်ညီလာခံတို့၊ **Road Map** ၇ ချက်တို့နဲ့ ဖြေရှင်းလို့မရဘူး။ တန်းတူရေးနဲ့ ဒီမိုကရေစီ ပြဿနာကို ဖြေရှင်းဖို့ဆိုရင် အမျိုးသားအသီးသီးရဲ့ စစ်မှန်တဲ့ ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ကျယ်ဝန်းပြည့်စုံတဲ့အမျိုးသား ညီလာခံကြီးတခုကို ကျင်းပရလိမ့်မယ်။ ဒီညီလာခံကြီးမှာ အမျိုးသားအသီးသီးရဲ့ စစ်မှန်တဲ့ကိုယ်စားလှယ်များက တန်းတူးရည်တူ ဒီမိုကရေစီနည်းလမ်းတကျ ဆွေးနွေးညှိနှိုင်းနိုင်ခွင့် အပြည့်အဝရရှိဖို့ လိုပါတယ်။ ဒါမှသာ အနာဂတ်နိုင်ငံတော်သစ်ကြီးအတွက် ရေခံမြေခံကောင်းတွေ၊ အခြေခံတွေ ချမှတ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုအခြေခံတွေအပေါ်ကသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီကို ချီတက်နိုင်မှာဖြစ်ပါတယ်။

ဒီလိုအခြေအနေအောက်မှာ တစ်ချိန်တစ်ခါက အုပ်စိုးသူ အဆက်ဆက်ကို အမျိုးသားရေးအလံတော်တလက်တည်းအောက်မှာ အသက်ချင်းထပ်ပြီးအမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသူတွေအချင်းချင်း သေနတ်ပြောင်း လှည့်ခဲ့ကြတဲ့ အခြေအနေတွေ ဖြစ်ပေါ်လာနေခဲ့ပါတယ်။

နအဖ တပ်များနဲ့အတူ ကလလတ တပ်ဖွဲ့တွေက **KNPP** အခြေစိုက်ရာ စခန်းများကို တိုက်ခိုက်နေတယ်ဆိုတဲ့ သတင်းတွေထွက် ပေါ်လာနေပါတယ်။

နအဖ စစ်အစိုးရဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နေပါတယ်လို့ တဖက်မှာ ဘယ်လိုပဲပြောနေပေမယ့် တခြား တဖက်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို စစ်ဆင်ရေးတွေ ပြုလုပ်နေပါတယ်။

ဒီလိုစစ်ဆင်ရာမှာ ပြည်နယ်တခုထဲက တိုင်းရင်းသားတွေ အချင်းချင်းကိုတောင် ဒီစစ်ဆင်ရေးထဲ ဆွဲသွင်းလာခဲ့ပါတယ်။ ဒီလုပ်ရပ်က နအဖ စစ်အစိုးရရဲ့ တိုင်းရင်းသားများအပေါ် ထားရှိတဲ့သဘောထားကို ထင်ဟပ်နေပါတယ်။

**KNPP** နဲ့ ကလလတ တို့ဟာ တချိန်က အုပ်စိုးသူအဆက်ဆက်ကို အမျိုးသားရေး အလံတော်တလက်ထဲအောက်မှာ သေအတူရှင်မကွာ တိုက်ခဲ့ပြီး အခြေအနေအချိန်အခါတခုမှာ ကိုယ့်လမ်းစဉ် ကိုယ့်အလံနဲ့၊ ကိုယ့်အတိုင်းအတာနဲ့ကိုယ် တိုက်ပွဲဆင်ခဲ့ ကြပါတယ်။

နိုင်ငံရေးကြားကာလတခုမှာတော့ ကလလတ ရော၊ **KNPP** ဟာ နအဖ နဲ့ အပစ်ခတ်ရပ်စဲရေး ပြုလုပ်ခဲ့ကြပါတယ်။ ကလလတ နဲ့တော့ အပစ်ရပ်ရေးဟာ တည်မြဲနေခဲ့ပြီး **KNPP** နဲ့ အပစ်အခတ်ရပ်စဲရေး ကတော့ ပျက်ပြားသွားခဲ့ရပါတယ်။ ဒါပေမယ့် အပစ်အခတ်ရပ်စဲရေးလုပ်ဖို့ ဆက်လက်ဆွေးနွေးကြဖို့ ပြင်ဆင်ကြိုးပမ်းနေတယ်ဆိုတဲ့ သတင်းတွေကို ထုံ့ပိုင်းထုံ့ပိုင်း ကြားသိနေရပါတယ်။

နအဖ စစ်အစိုးရဟာ **KNPP** ကို တိုက်ခိုက်ရာမှာ ကလလတ တပ်ဖွဲ့တွေကို ဘာရည်ရွယ်ချက်နဲ့ပါဝင်စေခဲ့သလဲ… ။

– **KNPP** နဲ့ ကလလတ ရင်ဆိုင်တိုက်ခိုက်ကြရင် ဘယ်သူ့အတွက် အကျိုးအမြတ်ရမလဲ… ။

– ဒီတိုက်ပွဲကို ဘယ်လိုအကဲဖြတ်မလဲ …။

– **KNPP** နဲ့ ကလလတ တို့ ယှဉ်ပြိုင်တိုက်ကြရင် အမျိုးသား တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိမယ်မဟုတ်ပါ။ နှစ်ဖက်ခေါင်းဆောင် ကေဒါများ၊ ရဲဘော်များ၊ ပြည်သူများ အသက်ဆုံးရှုံးရတာသာ အဖတ်တင်ပါလိမ့်မယ်။

ဒါကြောင့်မို့ အခုလို ရင်ဆိုင်တိုက်ခိုက်နေမှုတွေကို အမြန်ဆုံးရပ်ဆိုင်းပြီး မိမိတို့ မူလဦးတည်ချက်ဖြစ်တဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး တိုက်ပွဲဘက်ကိုသာ မျက်နှာမူကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ။

**Forum for Democracy in Burma**

PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com

# ကိုးဆယ်စိတ်ဓာတ်၊ ကိုးဆယ်ညီညွတ်မှုနဲ့ ကိုးဆယ်ရလဒ်

ရန်ကုန်မြို့က ခမ်းမဆောင်ကြီးတခုမှာ ပြုလုပ်နေတဲ့ စစ်ကိုင်းတိုင်းရှာသစ်ကြီးမြို့ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းပွဲ သတင်းကို ၂၀၀၅ ခုနှစ် ဇန္နဝါရီ ၂၈ ရက်နေ့ည MRTV သတင်းက လွှင့်ထုတ်ပေးနေပါတယ်။ အဲဒီ ကျောင်းဆင်းပွဲကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင်၊ ဗိုလ်ချုပ်ရွှေမန်း က လွဲလို့ ဗိုလ်ချုပ်အားလုံးတက်ရောက်ခဲ့ကြပါတယ်။

ကျောင်းဆင်းပွဲလေးတစ်ခုကို အခုလို ဗိုလ်ချုပ်ကြီးများ အိမ်ရှိလူကုန် တက်ဖို့လိုအပ်ပါရဲ့လား။ ဘာကြောင့်မဖြစ်မနေ တက်ပြနေကြရပါသလဲ … ဒါဟာ ဘာသဘောလဲ …။ ဒီကြားထဲ ထိုင်းဝန်ကြီးချုပ်ကလည်း …

"မြန်မာတပ်မတော်အတွင်းမှာ တင်းမာမှုတွေရှိနေတယ်၊ တပ်တွင်းပဋိပက္ခတွေလည်းရှိနေတယ်။ အာဏာသိမ်းတာမျိုးတော့မဟုတ်သေးဘူး" လို့ အေပီသတင်းဌာနကို ပြောဆိုလိုက်ပြန်ပါတယ်။

ဒီအခြေအနေတွေအားလုံးကို ဒီသတင်းပြကွက်တကွက်တည်းနဲ့ ဖြည်ထုပ်ပြလိုက်တာများလား …

သူများကိုညာလို့ ရချင်ရမယ် ကိုယ့်ကိုယ်ကိုညာဖို့ဆိုတာ တော်တော်ခက်ပါတယ်။ လိမ်တာညာတာ အချိန်ဆွဲတာ၊ လှည့်စားတာတွေဆိုတာဟာ အဖြေရှာတာမဟုတ်ပါဘူး။ အဖြေကိုမရှာရဲလို့ မရှာချင်လို့ ရှောင်လွှဲတာသာဖြစ်ပါတယ်။ ဒီပုံအတိုင်းဆိုရင် တနေ့တခြား ပိုလို့သာဆိုးပြီး ကြာလေရှင်းမရလေ ဖြစ်သွားဖို့သာရှိပါတယ်။ တိုင်းပြည်ရဲ့ကံကြမ္မာဟာ အလုံးစုံပျက်သုဉ်းရေးလမ်းမပေါ်ကို မေးတင်နေပါပြီ။

ကျနော်တို့အနေနဲ့ ဒီလိုမဖြစ်စေချင်ပါ။

ဗိုလ်ချုပ်ကြီးများအနေနဲ့လည်း အခြေအနေတစုံလုံးကို အမြော်အမြင်ကြီးကြီးနဲ့ ကြည့်မြင်ကြဖို့ စဉ်းစားဆုံးဖြတ်ကြဖို့ အရေးတကြီး လိုအပ်ပါတယ်။

ဒီဇင်ဘာ ၂ ရက်နေ့မှာတစ်ခါ၊ ဒီဇင်ဘာ ၂၃ ရက်နေ့မှာတစ်ခါ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေက ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ ပေးပို့ခဲ့တဲ့ စာတွေကို အလေးအနက်ထားပြီး စဉ်းစားဖို့လိုအပ်ပါတယ်။ ဒီစာတွေဟာ NLD ရဲ့သဘောထား သက်သက်သာမဟုတ်ဘဲ CRPP ရဲ့ အပြည့်အဝထောက်ခံမှုနဲ့ ပေးပို့လိုက်တာလည်းဖြစ်ပါတယ်။

ဒီစာနှစ်စောင်ရဲ့အနှစ်သဘောကို ပြောခွင့်ရ ဦးလွင်ရဲ့ အင်တာဗျူးမှာ …

"အားလုံးအခြေအနေအရပ်ရပ်ကို ခြုံငုံပြီးပြောမယ်ဆိုရင် အန်ကယ်တို့က တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့မူအရ ညီညီညွတ်ညွတ်နဲ့ သဟဇာတ ဖြစ်ဖို့လို့ အရေးကြီးပါတယ်။ ဒါကြောင့်အန်ကယ်တို့က တွေ့ကြရင်ကောင်းမယ်ပေါ့၊ ဒါဟာပထမ အန်ကယ်တို့ ကြေညာချက်တခုပါ၊ နောက်တခုကတော့ အဲဒီလိုကိစ္စမှာ တော်တော်နဲ့ အစမပေါ်လာသေးတဲ့အပိုင်းမှာ အန်ကယ်တို့က အစဖော်လိုက်တယ်။ ဟိုဒင်းပေါ့ … သင်ပုန်းချေရေးနော်၊သင်ပုန်းချေရေး ဆိုတဲ့ခေါင်းစဉ်နဲ့ ကျနော်တို့စပြီးဆွေးနွေးကြရအောင် ဆိုတာမျိုး ထပ်ပြီးတော့ ကမ်းလှမ်းထားပါတယ်"

သင်ပုန်းချေရေးဆိုတာနဲ့ပတ်သက်ပြီး ကျနော်တို့ဘက်က ဘယ်လိုစိတ်ဓာတ်မျိုးထားရမလဲဆိုတာကို ဒေါ်အောင်ဆန်းစုကြည်က ပါတီ တည်ထောင်ခြင်း (၉) နှစ်မြောက် အခမ်းအနားမှာ အခုလိုပြောဆိုခဲ့ပါတယ်။

"ကျမတို့ဟာ အခြားတဖက်ကို အာဃာတနဲ့ဘယ်တော့မှမလုပ်ဘူးဆိုတာ အခုတည်းက ရှင်းရှင်းလင်းလင်းဖော်ပြကြရမယ်။ ကျမတို့ဟာ အတိတ်ရဲ့ အရိပ်မည်းမှာ ဘယ်တော့မှလမ်းမလျှောက်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြရမယ်။ မှားတဲ့လူကိုမေတ္တာနဲ့ပြုပြင်မယ်။ ဘယ်တော့မှ အာဃာတနဲ့ ပြုပြင်ဖို့ မစဉ်းစားဘူး …"

၂၇၊ ၅၊ ၁၉၉၆ ရွေးကောက်ပွဲ ခြောက်နှစ်မြောက် အခမ်းအနားမှာတော့ …

"ဒီနေရာမှာ တွေ့ဆုံဆွေးနွေးရေးကိုမလိုလားသူတွေ၊ တွေ့ဆုံဆွေးနွေးရေး မဖြစ်မြောက်သေးလို့ စိတ်ပျက်နေတဲ့သူတွေကို ဦးတည်ပြီးပြောချင်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးကို ဘယ်လိုဘဲရှောင်ချင်ရှောင်ချင် ရှောင်လို့ရမှာမဟုတ်ပါဘူး၊ သမိုင်းရေစီးကြောင်းအရ၊ တိုင်းသူပြည်သားတွေရဲ့ ပြင်းပြတဲ့ဆန္ဒအရ၊ နိုင်ငံရဲ့လိုအပ်ချက်အရ ဖြစ်ကိုဖြစ်ရမယ့် ကိစ္စပါ။ ဖြစ်ရမယ့်ကိစ္စတစ်ခုကို အမြန်ဆုံးဖြစ်အောင် လုပ်တာဟာ ပညာရှိတဲ့အလုပ်လည်းဖြစ်တယ်၊ သတ္တိရှိတဲ့ အလုပ်လည်းဖြစ်တာမို့ အမြန်ဆုံးလုပ်ဖို့ အာဏာပိုင်တွေကို တိုက်တွန်းလိုက်ပါတယ်" … လို့ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြခဲ့ပါတယ်။

၁၁၊ ၁၊ ၂၀၀၅ မှာကျင်းပတဲ့ CRPP အစည်းအဝေးအပြီးမှာတော့ အတွင်းရေးမှူး ဦးအေးသာအောင်က …

"နအဖ အနေနဲ့ သူလုပ်ချင်တဲ့ဆန္ဒတစ်ခုတည်းပေါ်မှာ မူတည်ပြီးတော့ တဖက်သတ်လုပ်သွားမယ်ဆိုရင်တော့ လက်ရှိ ဆိုးနေတဲ့အခြေအနေသာမက နောင်အနာဂတ်မှာ ကြုံတွေ့လာရမယ့်ဆိုးကျိုးတွေကို အန်ကယ်တို့က ကြိုမြင်နေရတယ်။ဒါတွေအတွက် နအဖ ကိုလည်းပဲ အန်ကယ်တို့က တောင်းဆိုချင်တာက အထူးသဖြင့် အမျိုးသားအင်အားစုတွေအချင်းချင်း ညှိနှိုင်းပါ၊ ဆွေးနွေးပါ၊ ပြဿနာတွေကို ဖြေရှင်းပြီးတော့ အနာဂတ်နိုင်ငံတော်အတွက်ပါ ပူးပေါင်းလက်တွဲဆောင်ရွက်ပါလို့ တိုက်တွန်းချင်ပါတယ်"

ဗိုလ်ချုပ်ကြီးများက တိုက်ရိုက်အကြောင်းမပြန်ဘဲ အပတ်စဉ်ထုတ်ဂျာနယ်မှာ မောင်ပြည်သူရဲ့ "ရွှေရေးပန်းကန် မတက်သင့်ပါ" ဆောင်းပါးနဲ့ NLD နဲ့ CRPP ကိုတိုက်ခိုက်ခြိမ်းခြောက်ခဲ့ပါတယ်။ ဒီအချိန်မှာ ဦးအေးသာအောင်က …

"နအဖ အာဏာပိုင်များဟာ သူတို့ဘက်က တဖက်သတ်ချမှတ်ထားတဲ့ မူအတိုင်းပဲ၊ ဘယ်သူတွေပါပါ မပါပါ ဇွတ်တရွတ် ဒရွတ်တိုက်နည်းနဲ့ သူတို့လုပ်ချင်တဲ့ အမျိုးသားညီလာခံ၊ အမျိုးသားညီလာခံကချမှတ်တဲ့ ဖွဲ့စည်းပုံ၊ ဒီအတိုင်းပဲသွားမယ်ဆိုတဲ့လမ်းကြောင်းကို မြင်နေရပါတယ်။ ဒါပေမယ့် ဘယ်သူပဲ ဖြစ်ဖြစ် ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ပါတီတွေ၊ အနိုင်ရထားတဲ့ တိုင်းရင်းသားပါတီတွေမပါဘဲနဲ့ လုပ်သွားမယ်ဆိုရင်တော့ နိုင်ငံရေးအရ ပြည့်ဝတဲ့၊ အနှစ်သာရရှိတဲ့ ဖွဲ့စည်းပုံတစ်ရပ်တော့ ဖြစ်မလာနိုင်ဘူး။ အဲဒီတော့ အန်ကယ်တို့အနေနဲ့လည်းပဲ CRPP အနေနဲ့လည်းပဲ ပြည်သူတွေရဲ့ထောက်ခံမှုနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ရပ်တွေကို ရှေ့ဆက်ပြီးတော့ လုပ်သွားဖို့ အန်ကယ်တို့အနေနဲ့ရှိပါတယ်" လို့ ပြတ်ပြတ်သားသား ပြောဆိုလိုက်ပါပြီ။

အချိန်အခါဟာ ခေါင်းမာနေရမယ့်အချိန်၊ အဖြေမထွက်နိုင်တဲ့ ညောင်နှစ်ပင်ညီလာခံကို အတင်းပွဲထုတ်နေရမယ့်အချိန် လုံးဝမဟုတ်တော့တာ သေချာနေပါပြီ။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကလွဲပြီး တခြားရွေးစရာလမ်း ဆိုတာလည်းမရှိတော့ပါဘူး။ ဒါကိုမှငြင်းပယ်နေဦးမယ်ဆိုရင် …

လူမျိုးပေါင်းစုံပြည်သူလူထုကြီးဟာ ၉၀ ခုနှစ်ကစိတ်ဓာတ် ၉၀ ခုနှစ်က ညီညွတ်မှုမျိုးနဲ့သူတို့ရဲ့ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ပြန်ပြီး အရယူသွားကြမယ်ဆိုတာ သေချာပါတယ်။ ။

# တာလ အတွင်း သတင်းမှတ်စု

*ဇန်နဝါရီ ၃–* နအဖ တွင်း (၁) ဒု– ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၊ ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၃)၊ SSNA ဝမ်ယိမ်းနှင့် မိုင်းယွမ်း၊ MTA အဖွဲ့ (ဟိုမိန်း)၊ MTA အဖွဲ့ (နားရိုင်း)၊ MTA အဖွဲ့ (မတ်ကျန်း) နှင့် MTA အဖွဲ့ (ရွှေပြည်အေး) တို့မှ ခေါင်းဆောင်များအား ဇန်နဝါရီလ ၁ ရက်နေ့တွင် တွေ့ဆုံ။ ***မြန်မာ့အလင်း***

*ဇန်နဝါရီ ၈–* ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်တန့်ရန် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် အမေရိကန်နိုင်ငံသားတဦး တကိုယ်တော်ဆန္ဒပြပွဲတောင်းဆိုခဲ့ရာ လုံခြုံရေးများက ချက်ခြင်း ဖမ်းဆီးလိုက်။ ***ဒီဗွီဘီ***

*ဇန်နဝါရီ ၉–* မွန်ပြည်သစ်ပါတီမှ ခွဲထွက်ခဲ့ပြီး အိတ်ချ်အာပီ (ခေါ်) ဟံသာဝတီထူထောင်ရေးပါတီနှင့် ပူးပေါင်းလှုပ်ရှားနေသည့် ဆွက်ဂလေး ဆိုသောအဖွဲ့ငယ်တခုမှ မွန်ခေါင်းဆောင်များကို နအဖက ဖမ်းဆီးရန် ဆုငွေထုတ်ထားသည်ဟု မွန်သတင်းဌာနတခုက ဖော်ပြထား။ ***မစ္ဈိမ***

*ဇန်နဝါရီ ၁၀–* အစိုးရစစ်တပ်နှင့် အပစ်အခတ်ရပ်စဲထားသော ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက် ရေးတပ်ဦး (ကလလတ) ပူးပေါင်းတပ်ဖွဲ့များက တနင်္လာနေ့ညနေ ၆ နာရီခန့်မှစ၍ ကရင်နီတပ်မတော်၏ ဗျူဟာမြောက် ညာမူတောင်ကုန်းအား လက်နက်ကြီးများနှင့် စတင် တိုက်ခိုက်နေကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ခူးရီမင်ထူးက ပြောဆို။ ***NMG***

*ဇန်နဝါရီ ၁၁–* – ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) အစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ယနေ့ကျင်းပခဲ့ရာ CRPP အနေဖြင့် တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်ပြီး တစိုက်မတ်မတ် တောင်းဆိုရန် အဓိကထား ဆွေးနွေးခဲ့။ ညောင်နှစ်ပင်ညီလာခံကို တဖက်သတ်ကျင်းပသွားမည်ဆိုလျှင် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးဆက်များအတွက် နအဖ ၌သာ တာဝန်ရှိသည်ဟု CRPP အတွင်းရေးမှူး ဦးအေးသာအောင်က ပြောဆိုလိုက်။ ***ဒီဗွီဘီ***

– နအဖ တပ်ရင်း ၂ ရင်းသည် ကောလောဝေါ်ရွာရှိ ကရင်လွတ်မြောက်ရေးတပ်မတော် (၂၀၁) အား ဝင်ရောက်တိုက်ခိုက်ရာ ၄ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့။ ***မစ္ဈိမ***

*ဇန်နဝါရီ ၁၂–* အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖိတ်ကြားထားသောကိုယ်စားလှယ်များ ၁၅ ရက်နေ့ထက် နောက်မကျစေဘဲ လာရောက်ရန် နအဖ တွင်း (၁) ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန်ကပြော။ ***မြန်မာ့အလင်း***

*ဇန်နဝါရီ ၁၃–* မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ သုံးနိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် သုံးနိုင်ငံဝန်ကြီးအဆင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ ဆွေးနွေးကြ။ ***မြန်မာ့အလင်း***

*ဇန်နဝါရီ ၁၄–* မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၁/ ၂၀၀၅)၊ ၂၀၀၅ ဇန်နဝါရီလ ၁၃ ရက် နေ့စွဲဖြင့် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုး ပြဋ္ဌာန်း။ ***မြန်မာ့အလင်း***

– မြန်မာမှ အိန္ဒိယသို့တင်ပို့မည့် သဘာဝဓါတ်ငွေ့ပမာဏသည် အိန္ဒိယနှင့် အီရန်နိုင်ငံအကြား သဘောတူထားသည့် ပမာဏထက် နှစ်ဆ ပိုများကောင်းများနိုင်သည်ဟု အိန္ဒိယ သဘာဝဓါတ်ငွေ့နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး မဏီရှန်ကာအရောက ပြောဆိုခဲ့။ ***အာအာက်ဖ်အေ***

*ဇန်နဝါရီ ၁၅–* ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) အခြေစိုက်စခန်းကို ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) က တိုက်ခိုက်နေခြင်းကို ရပ်တန့်၍ နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးရန် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) က ပန်ကြားချက်တစောင်ထုတ်ပြန်ခဲ့သည်။ ***ရှိုးမဉ***

*ဇန်နဝါရီ ၁၉–* မြန်မာ၊ ကျူးဘား၊ မြောက်ကိုရီးယား၊ အီရန်၊ ဘီလာရုစ်နှင့် ဇင်ဘာဘွေ နိုင်ငံများသည် အာဏာရှင် ရှေ့တန်းစခန်းများ ဖြစ်နေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးလောင်း ကွန်ဒိုလီဇာရိုက်စ်က ဆီးနိတ်အထက်လွှတ်တော်ကြားနာပွဲတွင် ပြောကြား။ ***ခေတ်ပြိုင်***

*ဇန်နဝါရီ ၂၁–* အာဃာတကင်းစင်ရေး ၊ သင်ပုန်းချေရေး၊ တွေ့ဆုံဆွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပတ်သက်ပြီး NLD ပါတီဝင်များအတွက် ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သည့် အာဃာတကင်းစင်ရေးမူဝါဒ မိန့်ခွန်းများ ပါဝင်သည့်ကြေညာချက်တရပ် ထုတ်ပြန်။ ***ဒီဗွီဘီ***

*ဇန်နဝါရီ ၂၂–* ပြန်လည်ကျင်းပမည့် ညောင်နှစ်ပင်ညီလာခံမှာ စစ်မှန်သည့်ညီလာခံမဟုတ်၍ လက်ရှိနိုင်ငံရေးပြဿနာများကို ဖြေရှင်းပေးနိုင်မည်မဟုတ်ကြောင်း တိုင်းရင်းသားလူမျိုးစု ၆ စုဖြင့်ဖွဲ့စည်းထားသည့် FEMB (ခေါ်) တိုင်းရင်းသားလူမျိုးများအဖွဲ့ချုပ်က ၎င်းတို့၏ အစည်းအဝေးအပြီး ပြောကြား။ ***ဒီဗွီဘီ***

*ဇန်နဝါရီ ၂၅–* မြန်မာနိုင်ငံမှ UWSA ထိပ်တန်းခေါင်းဆောင်ဝေရှောက်ခမ်၊ ဝေရှောက်လုံး၊ ဝေရှောက်ယင်၊ ပေါက်ဟွာချန်း၊ ပေါက်ယုရီ၊ ပေါက်ယုလျန်း၊ ပေါက်ယုဟွာနှင့် ပေါက်ယုချန်းတို့ ၈ ဦးကို မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသူ ဘိန်းရာဇာများအဖြစ်စွပ်စွဲကာ ၎င်းတို့မျက်ကွယ်၌ အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ် ဖက်ဒရယ်တရားရုံးက ယမန်နေ့က စွဲချက်တင် တရားစွဲဆိုလိုက်။ ***ခေတ်ပြိုင်***

*ဇန်နဝါရီ ၂၆–* နအဖနှင့် စီးပွားရေး ပူးပေါင်းလုပ်ဆောင်နေသောကုမ္ပဏီများသည် စစ်အစိုးရ ဆက်လက်တည်ရှိနေရေးကို ပံ့ပိုးပေးရာ ရောက်ကြောင်းနှင့် ပူးပေါင်းလုပ်ဆောင်နေသောကုမ္ပဏီ စုစုပေါင်း ၄၃၉ ရှိနေကြောင်းဖော်ပြထားသည့် ICFTU နိုင်ငံတကာလွတ်လပ်သော ကုန်သွယ်ရေးသမဂ္ဂများအဖွဲ့ချုပ်က Doing Business With Burma ခေါင်းစဉ်ဖြင့် အစီရင်ခံစာတစောင် မနေ့က ထုတ်ပြန်ခဲ့။ ***ရှိုးမဉ***

*ဇန်နဝါရီ ၂၈–* မြန်မာစစ်ခေါင်းဆောင်များအကြား တင်းမာမှုများဖြစ်ပွားနေသည်ဟု ထိုင်းဝန်ကြီးချုပ် ထပ်စင်ချနဝပ်က သတင်းထောက်များအား ဘန်ကောက်မြို့တွင် ပြောကြား။ ***ခေတ်ပြိုင်***

*ဇန်နဝါရီ ၂၉–* လာမည့် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင်ကျင်းပမည့် ညောင်နှစ်ပင်ညီလာခံ တက်ရောက်ရန် မွန်ပြည်သစ်ပါတီဌာနချုပ်၌ ကျင်းပနေသော ဗဟိုကော်မတီအစည်းအဝေးမှ ဆုံးဖြတ်လိုက်ကြောင်း မွန်ပြည်သစ်ပါတီက ယနေ့ပြောကြား။ ***ဒီဗွီဘီ***

# ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုမှ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်း ပြုလုပ်



ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (Network for Democracy and Development) ၏ လူထုစွမ်းရည်မြှင့်လုပ်ငန်း အစီအစဉ် (Public Empowerment Program) မှ ကြီးမှူး၍ ရုံးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်း (Office Management Training) ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ၏ တပ်မဟာ ၅ ဧရိယာတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဗဟိုဆေးတပ်ဖွဲ့၏ ပန်ကြားချက်အရ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ တပ်မဟာ (၇) ခုမှ ဆေးမှူး ၄၅ ဦး တက်ရောက်ခဲ့သည်။ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုမှ နည်းပြ ၄ ဦးက ပို့ချပေးခဲ့သည့် အဆိုပါသင်တန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၄ ရက်နေ့အထိ စုစုပေါင်း ၁၀ ရက်ကြာ ပြုလုပ်ခဲ့သည်။ ။

---

# မကဒတ (ကျောင်းသားတပ်မတော်) တပ်မှူးငယ်သင်တန်း အပတ်စဉ် ၃/၂၀၀၄ ကျင်းပပြီးစီး



မကဒတ စစ်ကော်မရှင်နှင့် ဗဟိုကော်မတီဥက္ကဋ္ဌ ရဲဘော်သံခဲအား သင်တန်းဆင်း တပ်မှူးငယ်များမှ ချီတက်အလေးပြုစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်) မှ တပ်ဦးကြံ့ခိုင်တောင့်တင်းရေးနှင့် အနာဂါတ် ကျောင်းသားတပ်မတော်တွင် မျိုးဆက်သစ်တပ်မှူးငယ်များ ဖြစ်ပေါ်လာရေးတို့အတွက်ရည်ရွယ်၍ ကျောင်းသားတပ်မတော် ဗဟိုစစ်ကော်မရှင်မှ ကြီးမှူးဖွင့်လှစ်ခဲ့သော တပ်မှူးငယ်သင်တန်း အပတ်စဉ် (၃/၂၀၀၄) သင်တန်းကျောင်းဆင်းပွဲကို ကျောင်းသားတပ်မတော်စစ်ရုံးချုပ် အခြေစိုက်သည့် မြန်မာပြည်လွတ်မြောက်နယ်မြေတနေရာတွင် ၃၀၊ ၁၁၊ ၂၀၀၄ ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မကဒတ ဗဟိုဦးဆောင်ကော်မတီဝင်များ၊ ဗဟိုကော်မတီဝင်များ၊ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ရဲဘော်သံခဲနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်များ၊ မကဒတ ဗဟိုတရားသူကြီးအဖွဲ့၊ တပ်ရင်းမှူးများ၊ တပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများ၏ မိသားစုဝင်များ၊ မဟာမိတ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တပ်မှူးများ တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်းရဲဘော်များမှ မကဒတ (ကျောင်းသားတပ်မတော်) ၏ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ရဲဘော်သံခဲအား အတန်းလိုက်ချီတက်အလေးပြုကြပြီးနောက် သင်တန်းကာလအတွင်း စံပြဆုရရှိခဲ့သူ စာပေထူးချွန်ဆု၊ လေ့ကျင့်ရေးထူးချွန်ဆု၊ စည်းကမ်းအကောင်းဆုံးဆု၊ စစ်ရေးပြ အကောင်းဆုံးရရှိခဲ့သူ ရဲဘော်များအား ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မ က ဒ တ ဥက္ကဋ္ဌရဲဘော်သံခဲက သင်တန်းဆင်းအမှာစကားပြောကြားရာတွင်…

မကဒတ သည် မိမိတို့အားလုံး၏ ဘဝ၊ အသက်သွေးချွေးများဖြင့် တည်ဆောက်ထားတာဖြစ်ကြောင်း၊ မကဒတ သည် မြန်မာပြည်ဒီမိုကရေစီတော်လှန်ရေးအတွက် အစိတ်အပိုင်းတခုဖြစ်ကြောင်း၊ ဒီမိုကရေစီတော်လှန်ရေး အောင်မြင်ဘို့အတွက် မိမိတို့၏အသက်၊ သွေး၊ ချွေး၊ ဘဝများဖြင့် တည်ဆောက်နေတာဖြစ်ကြောင်း၊ ရဲဘော်များအနေဖြင့် ဤသင်တန်းက ပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို တပ်ဦးအတွက်၊ တိုင်းပြည်အတွက်၊ အဖိနှိပ်ခံပြည်သူတွေအတွက် တန်ဖိုးမြင့်မြင့် အသုံးချနိုင်ရန် ပိုင်းဖြတ်ချက်ရှိကြဖို့ တောင်းဆိုကြောင်း၊ မကဒတ ၏ တာဝန်ရှိသူများမှလည်း ရဲဘော်တို့နှင့်အတူလက်တွဲပြီး စစ်အာဏာရှင်စနစ်ကို ရင်ဆိုင် တိုက်ပွဲဝင်သွားမည်ဆိုသည်ကို ရဲရဲကြီးအာမခံကြောင်း ပြောကြားသွားခဲ့သည်။

၃၊ ၈၊ ၂၀၀၄ တွင် စတင်ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းသို့ တပ်ရင်း တပ်ဖွဲ့အသီးသီးမှ ကျောင်းသားတပ်မတော် တပ်ဖွဲ့ဝင် ရဲဘော် ၃၈ ဦး တက်ရောက်ခဲ့သည်။သင်တန်းတွင် အခြေခံနိုင်ငံရေး၊ စစ်ရေးနှင့် အုပ်ချုပ်မှု ဘာသာရပ်ပေါင်း ၁၁ ခုကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ပါသည်၊ သင်တန်းတွင် အခြားအဖွဲ့အစည်းများမှ ဧည့်နည်းပြများဖြစ်ကြသော ဖဒိုစောသမိန်ထွန်း (FTUB) က အခြေခံဘောဂဗေဒဘာသာရပ်၊ ဦးမင်းလွင် (FTUB) က အလုပ်သမားများရပိုင်ခွင့်နှင့် အခွင့်အရေး၊ ကိုယဉ်ထွေး (DPNS) က နိုင်ငံရေးအကျဉ်းသားများ၏ ထောင်းတွင်း အခြေအနေ၊ ကိုဝေလင်း (DPNS) က ပြည်တွင်းနိုင်ငံရေးလုပ်ရှားမှု အခြေအနေများ၊ ဦးသန်းထွဋ် (မိုးကြိုးသတင်းစာ အယ်ဒီတာချုပ်) က ပြည်တွင်း NLD နှင့် CRPP တို့၏အခြေအနေနှင့် အခန်းကဏ္ဍ စသည့်အကြောင်းအရာများကို ဆွေးနွေးရှင်းလင်းခဲ့ကြသည်။ ။

# ဆို သည် မှာ ...

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် စစ်မက်ကာလအတွင်း လူသားချင်း စာနာထောက်ထားသောလုပ်ငန်းများအား လုပ်ဆောင် ရန် ၁၈၆၃ ခုနှစ်၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တည်ထောင်ခဲ့သည့် တသီးပုဂ္ဂလအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဂျီနီဗာသဘောတူညီချက်များအား အခြေခံထား၍ နိုင်ငံတကာအသိုင်းအဝိုင်းမှပေးအပ်ထားသော အမြဲတမ်း တာဝန်များအား ထမ်းဆောင်နေသည့် အဖွဲ့အစည်းဖြစ်ပါသည်။

*"စစ်ပွဲများတွင်ပင်အကန့်အသတ်ရှိသည်"* ဟူသော မူအရ ဖြစ်ပေါ်လာသော ဂျီနီဗာသဘောတူညီချက်များ၏ ရည်ရွယ်ချက်မှာ စစ်၏ ဆိုးဝါးမှု အကျိုးဆက်များအား လျော့နည်းသက်သာစေရန်ဖြစ်ပါသည်။ ထို ဂျီနီဗာ သဘောတူညီချက်များသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာ ထောက်ထားသည့်ဥပဒေများ၏ အခြေခံအုတ်မြစ် စည်းမျဉ်းများ ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားစဉ်ကာလတွင် အရပ်သားပြည်သူများ၊ ဒဏ်ရာရစစ်သားများ၊ ဖမ်းဆီးရမိသောစစ်သားများအား အကာအကွယ် ပေးထားပါသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၀ က လက်မှတ်ရေးထိုးထားကြပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၂ တွင် ထို ဂျီနီဗာ သဘောတူညီချက် ၄ ခုအားလက်မှတ်ရေးထိုးခဲ့သည်။

အပ်နှင်းထားခံရသော လုပ်ငန်းတာဝန်များအရ ICRC သည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် ပြည်တွင်းတင်းမာမှုများ၏ အကျိုးဆက်များကို ခံစားရသော အရပ်သား ပြည်သူများထံသို့ အကာအကွယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များကို ဆောင်ကျဉ်းပေးရန် ဖြစ်ပါသည်။ ICRC သည် စုံစမ်းထောက်လှမ်းရေးအဖွဲ့တစ်ခု မဟုတ်ပါ။ ၎င်း၏ လုပ်ဆောင်ချက်များသည် တွေ့ဆုံဆွေးနွေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှု ဥပဒေများနှင့်ကိုက်ညီသော ပြုမူ လုပ်ဆောင်ချက်များ ဖြစ်ပေါ်စေရေးအတွက် အကြံပြု၊ တိုက်တွန်း၊ မြှင့်တင်ခြင်း နည်းလမ်းများပေါ်တွင် အခြေပြုထားပါသည်။ လက်နက်ကိုင်အုပ်စုများနှင့် အမြဲမပြတ် သီးသန့်ဆက်သွယ်မှုများ ပြုလုပ်ထားခြင်းဖြင့် လူမျိုး၊ ဘာသာနှင့် နိုင်ငံရေး အယူအဆမခွဲခြားဘဲ အကူအညီအများဆုံး လိုအပ်လျက်ရှိသောသူများ၏ ခံစားရမှုများအရ လူမှုကရုဏာလုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ အထူးသဖြင့် အစိုးရများ (သို့) ကမ္ဘာ့ကုလသမဂ္ဂ ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ သီးခြားရပ်တည်၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်ပါသည်။

### အရပ်သားလူထုအား ကာကွယ်စောင့်ရှောက်မှုပေးခြင်း

■ ICRC သည် ပဋိပက္ခဒဏ်ခံရသူများအတွက် ကူညီစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အဆက်မပြတ် ကြိုးပမ်းလျက် စာနာထောက်ထားခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သောကြားနေပြီး လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည့် ICRC သည် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း၏ ပဋိပက္ခရှိနိုင်သည့် ဒေသများသို့ သွားရောက်၍ ၎င်း၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

■ ထိုဒေသများရှိ အခြေအနေကို လေ့လာသုံးသပ်နိုင်ရန် ICRC သည် ထိုဒေသများရှိ မြို့နယ်များနှင့် ကျေးရွာများသို့ မကြာခဏ သွားရောက်ခဲ့ပါသည်။ ၎င်း၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အာဏာပိုင်များထံသို့ အတွင်းရေးကိစ္စအဖြစ် အစီရင်ခံစာ ပေးပို့ပါသည်။

■ ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အသီးသီး၏ ယုံကြည်မှုကိုရရှိရန် ICRC သည် ၎င်း၏ လူသားချင်း စာနာထောက်ထားခြင်းဆိုင်ရာ လုပ်ငန်းတာဝန် အခြေခံမူဝါဒများ၊ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းနှင့် လုပ်ငန်းများကို ပုံမှန်ရှင်းပြလေ့ ရှိပါသည်။

■ ထိုင်းနိုင်ငံမှပြန်ပို့သော မြန်မာအလုပ်သမားများသည် ၎င်းတို့ကို ပြန်လည်လက်ခံသော မြဝတီနယ်စပ် စခန်းများတွင် ရှိနေစဉ် ICRC သည် ၎င်းတို့၏ အခြေအနေကို သွားရောက်လေ့လာကြည့်ရှုပါသည်။ ထိုသူများ မူလနေရပ်သို့ ပြန်သွားပြီးသည့်အခါတွင်လည်း ထိုဒေသများသို့ သွားရောက်၍ ၎င်းတို့၏ လူနေမှုအခြေအနေနှင့် လုံခြုံရေးအခြေအနေများကို အကဲဖြတ်သုံးသပ်ပါသည်။

### အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျနေသူများအား စောင့်ရှောက်မှုပေးခြင်း

■ ICRC သည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနလက်အောက်ရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများတွင် အကျဉ်းကျနေသူများအပြင် ဌာနရိပ်သာများတွင် ထိန်းသိမ်းခံထားရသူများထံသို့ သွားရောက်လေ့လာသုံးသပ်ပါသည်။

■ ICRC သည် တကမ္ဘာလုံးတွင် ၎င်း ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဖမ်းဆီးရသည့် အကြောင်းရင်းကို မေးမြန်းခြင်းမရှိပါ။ သို့ရာတွင် လိုအပ်သည့် အချိန်၊ လိုအပ်သည့်နေရာတိုင်းတွင် အကျဉ်းစခန်းများ၏ အခြေအနေတိုးတက်မှုရှိစေရန်နှင့် ထိန်းသိမ်းထားသူများအား လူသားချင်း စာနာစွာဖြင့် အမြဲတစေ ပြုမူဆက်ဆံရန် တိုက်တွန်းပါသည်။

■ ICRC သည် အကျဉ်းကျနေသူများထံ ပုံမှန်သွားရောက်သည့်အခါမျိုးတွင်ဖြစ်စေ၊ ထပ်မံသွားရောက်သည့်အခါမျိုးတွင်ဖြစ်စေ၊ ၎င်းတို့အား ထားရှိသည့်အခြေအနေကို အကဲဖြတ်သုံးသပ်ပါသည်။ ထို့အပြင် ICRC သည် ၎င်းတို့နှင့် သီးသန့်တွေ့ဆုံဆွေးနွေးပြီး ကာကွယ်စောက်ရှောက်မှု လိုအပ်သော အချို့သော အကျဉ်းသားများကိုသာလျှင် မှတ်ပုံတင်ပါသည်။ ထိုသူများတွင် လုံခြုံရေးနှင့်စပ်လျဉ်း၍ ထိန်းသိမ်းခံထားရသူများ၊ သက်ဆိုင်ရာ ကောင်စစ်ဝန် အကူအညီ လိုအပ်နေသော နိုင်ငံခြားသား အကျဉ်းသားများ၊ ထုံးတမ်းဥပဒေများအရ အကျဉ်းနေသည့် အသက် ၁၈ နှစ် မပြည့်သေးသူ ကလေးသူငယ်များနှင့်၊ နာမကျန်းသူများ သို့မဟုတ် အသက်အရွယ်အိုမင်းသူများကဲ့သို့ စောင့်ရှောက်မှုလိုအပ်သောသူများ ပါဝင်ပါသည်။

■ ICRC ၏ တွေ့ရှိချက်များအား သက်ဆိုင်ရာအာဏာပိုင်များထံသို့ အတွင်းရေးကိစ္စအဖြစ် တင်ပြပါသည်။ ထိုအစီရင်ခံချက်တွင် အခြေအနေများကို တိုးတက်လာရန် အကြံပြုချက်များ ပေးထားပါက ထိုအကြံပြုချက်များကို အကောင်အထည်ဖော်မှုရှိမရှိ ICRC က ထပ်မံသွားရောက်သည့် အခေါက်များတွင် လေ့လာသုံးသပ်ပါသည်။

■ ICRC သည် အခြေခံတရားစီရင်ရေးဆိုင်ရာ အချက်များကိုလည်း တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပါသည်။

### မိသားစုအဆက်အသွယ်များ ပြန်လည်ရရှိစေခြင်း

■ ICRC သည် အကျဉ်းထောင်လေ့လာမှုပြုလုပ်တိုင်း အကျဉ်းသားအားလုံးအား ၎င်းတို့၏မိသားစုဆွေမျိုးများနှင့် အဆက်အသွယ်ရရှိစေရန်အတွက် ကြက်ခြေနီအကြောင်းကြားစာ (RCM) ကို ရေးသားခွင့်ပြုပါသည်။

■ အကျဉ်းထောင်မှ လက်ခံရရှိသော RCM များကို မိသားစုများထံသို့ ဆက်လက်ဖြန့်ဝေနိုင်စေရန် မြန်မာနိုင်ငံ အမျိုးသားကြက်ခြေနီအသင်းထံသို့ လွှဲပြောင်းပေးပါသည်။ RCM များအား ဖြန့်ဝေသည့်အချိန်တွင် လက်ခံရရှိသူ မိသားစုဆွေမျိုးများက စာပြန်လည်ရေးသားနိုင်ပါသည်။

■ ICRC သည် RCM ဖြန့်ဝေပေးသည့်အပြင် ICRC က မှတ်ပုံတင်ထားသော အကျဉ်းသားများကို ၎င်းတို့၏ မိသားစုများက အကျဉ်းထောင်သို့ သွားရောက်တွေ့ဆုံနိုင်ရေးအတွက် ခရီးစရိတ်များထုတ်ပေးပါသည်။ အကျဉ်းသားတစ်ဦးကို မိသားစုဝင်နှစ်ဦးက တစ်လတစ်ခေါက် သွားရောက်တွေ့ဆုံနိုင်ရန်အတွက် ခရီးစရိတ်ထုတ်ပေးပါသည်။ ။